ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (14-11-2014) (၈၀၂၄)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စများအပေါ် အမြင်ချင်းဖလှယ်

**နေပြည်တော် နို၀င်ဘာ ၁၃**

ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမား၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆




ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခချန်း၏ ကိုယ်ရေးအကျဉ်း

မစ္စတာ လီခချန်းအား ၁၉၅၅ ခုနှစ် ဇူလိုင်လတွင် တရုတ်နိုင်ငံ အန်းဟွေးပြည်နယ် တင့်ယွမ်စီရင်စု၌ မွေးဖွားခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၇၆ ခုနှစ် မေလတွင် တရုတ်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ၎င်းသည် ပေကျင်းတက္ကသိုလ် စီးပွားရေးကျောင်းမှ စီးပွားရေးဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ လူငယ်ဗဟိုကော်မတီအဖွဲ့ချုပ်တွင် တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။ လုပ်ငန်းခွင်အတွင်း ဘွဲ့လွန်ပညာရပ်ကို ဆည်းပူးခဲ့ရာ ၁၉၉၅ ခုနှစ်တွင် စီးပွားရေးအထူးပြုဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ပေကျင်းတက္ကသိုလ် စီးပွားရေးကျောင်းမှ ရရှိခဲ့သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဟဲနန်ပြည်နယ်ကော်မတီတွင် တာဝန်အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ လျောင်းနင်ပြည်နယ်ကော်မတီ၏ အတွင်းရေးမှူး၊ လျောင်းနင်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ပါသည်။

မစ္စတာ လီခချန်းအား ၂၀၁၃ ခုနှစ် မတ်လ ၁၅ ရက်နေ့က ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ မစ္စတာ လီခချန်းသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် တစ်ဦးလည်းဖြစ်ပါသည်။



မစ္စတာ လီခချန်း။

မြန်မာနိုင်ငံတွင် လူမှုတာဝန်သိသော စီးပွားရေးဆောင်ရွက်မှုများ ပိုမိုအားထုတ်လုပ်ကိုင်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း
သတင်း စာမျက်နှာ - ၅

မြန်မာနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုအဖြစ် အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန စတင်ဖွင့်လှစ်နိုင်ခဲ့
သတင်း စာမျက်နှာ - ၈

အာဆီယံအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေး အနာဂတ်ကာလများတွင် ပိုမိုထိရောက်အကျိုးရှိစေရန်အတွက် အစီအမံများချမှတ်နိုင်ခဲ့
သတင်း စာမျက်နှာ - ၉

အရှေ့အာရှ ထိပ်သီးအစည်းအဝေး၏ အရေးပါမှု၊ ဦးတည်ချက်နှင့် အနာဂတ်အလားအလာများ
သတင်း စာမျက်နှာ - ၁၁



ကြေးမုံစာတည်းရှေ့ထောင့် ၁၄-၁၁-၂၀၁၄၊ သောကြာနေ့

# အာဆီယံပေါင်းစည်းစွမ်းအား

ယနေ့အချိန်ကာလသည် အာဆီယံပေါင်းစည်းရေးအတွက် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ကတိကဝတ်များနှင့်အတူ အာဆီယံအသိုက်အဝန်းထူထောင်ရာ၌ အရေးကြီးသည့် ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုကာလတွင် အာဆီယံ၏စည်းလုံးမှု၊ စီးပွားရေးအရ အရှိန်အဟုန်မြင့်မားမှု၊ ပြိုင်ဆိုင်နိုင်စွမ်းအားရှိမှုတို့တွင် မျှတသည့် အသိုက်အဝန်းတစ်ရပ်အဖြစ်ရပ်တည်နိုင်မှုတို့ကို ဖော်ထုတ်ပြသနိုင်ပြီဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်သဖြင့် ဒေသတွင်းပြည်သူများ၏ ကူးလူးဆက်ဆံရေးသာမက တစ်ကမ္ဘာလုံးဆက်သွယ်ပေါင်းစည်းမှုနှင့်အတူ အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို များစွာအထောက်အကူပြုစေမည့်အပြင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများပါ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

အာဆီယံအဖွဲ့ကြီးကို စတင်တည်ထောင်ပြီးကာလမှစ၍ အခက်အခဲများကို အတူတကွရင်ဆိုင်ဖြေရှင်းနိုင်သည့် အတွေ့အကြုံများလည်း ရှိခဲ့ပြီးဖြစ်သည်။ အောင်မြင်မှုအခွင့်အလမ်းကောင်းများကိုလည်း ပေါင်းစည်းညီညွတ်သည့်အားဖြင့် ရလဒ်ကောင်းများရအောင် ကြိုးပမ်းဆောင်ရွက်နိုင်သည့် အတွေ့အကြုံကောင်းများလည်း ရှိပြီးဖြစ်သည်။

ယင်းအတွေ့အကြုံများအပေါ်အခြေခံပြီး ယခုဆောင်ရွက်နေသော အာဆီယံအသိုက်အဝန်းထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် ယနေ့ဆွေးနွေးညှိနှိုင်းနေသည့် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး မိတ်ဖက်ပြုမှုများသည် ဒေသတွင်းကိုကျော်လွန်ပြီး ပိုမိုပေါင်းစည်း ဦးတည်ဆောင်ရွက်သွားနိုင်ခြင်းဖြင့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများ ပိုမိုတိုးတက်လာနိုင်မည်ဟု ယုံကြည်ပါသည်။

အာဆီယံ၏ စုစုပေါင်းဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိပြီး ကမ္ဘာ၏သတ္တမမြောက် အကြီးဆုံးသော စီးပွားရေးအသိုက်အဝန်းအဖြစ် ရပ်တည်လျက်ရှိသည်။ အာဆီယံဒေသတွင်း ကုန်သွယ်မှုသည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၆၀၂ ဘီလီယံ တိုးတက်လာသည့်အတွက် လက်ရှိအရှိန်အဟုန်ကို ထိန်းသိမ်းမြှင့်တင်သွားနိုင်မည်ဆိုပါက ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ စတုတ္ထမြောက် အကြီးဆုံးစီးပွားရေး အသိုက်အဝန်းဖြစ်လာမည်။

လက်ရှိတွင် ဘက်စုံစီးပွားရေးမိတ်ဖက်နိုင်ငံများလည်း ပါဝင်လာပြီဖြစ်သည်။ ထိုသို့အခြေအနေကောင်းများ ရရှိနေချိန်တွင် အဖွဲ့ဝင်နိုင်ငံများနှင့် ဒေသတွင်းပြည်သူများ၏ စုပေါင်းစွမ်းဆောင်နိုင်မှုဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ဆက်လက်ရရှိအောင် အကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ပြီး ထိုကာလအတွင်း အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရင်းရင်းနှီးနှီးပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်မှာ အထင်အရှားဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့် နယ်ပယ်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့ခေါင်းဆောင်များ၏ ညှိနှိုင်းဆွေးနွေးမှုများမှာ အားရကျေနပ်ဖွယ်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံဥက္ကဋ္ဌတာဝန်ကို တူညီသောစိတ်ထားများနှင့် တစ်တပ်တစ်အား အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများကြောင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှု၊ ဂုဏ်ယူချီးကျူးမှုများ ထိုက်ထိုက်တန်တန်ရရှိခဲ့ပါသည်။ တစ်ဆက်တည်းတွင် အာဆီယံနိုင်ငံများနှင့်သာမက မိတ်ဖက်နိုင်ငံများနှင့်ပါ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်၍ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။ ။

## သတ္တမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကားပြောကြားကာ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသော နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲသည် သတ္တမအကြိမ်မြောက်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်နှင့် ရည်ရွယ်ချက်(၃)ရပ်ချမှတ်ပြီး ကျင်းပသည့် ပြိုင်ပွဲဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင်၊ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်စေရန်၊ ဝန်ထမ်းများတက်ကြွရွှင်လန်းစွာနှင့် မိမိတာဝန်များကို ပိုမိုထမ်းဆောင်နိုင်ရန်တို့ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင်ပါဝင်ကြမည့် ဝန်ထမ်းအားကစားသမားများအနေဖြင့် အဆိုပါရည်ရွယ်ချက်(၃)ရပ်ကို ပြည့်မြောက်အောင်မြင်နိုင်ရေးအတွက် အလေးထားကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း၊ ယနေ့ဘော်လီဘောပြိုင်ပွဲမှတစ်ဆင့် ထူးချွန်အားကစားသမားများပေါ်ထွက်လာပြီး နိုင်ငံ့လက်ရွေးစင်အားကစားသမားများဖြစ်လာအောင် ကြိုးစားကြစေလိုကြောင်း၊ ပြိုင်ပွဲကြီးကြပ်သည့် ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှုကင်းရှင်းပြီး စည်းမျဉ်းစည်းကမ်းအတိုင်း တိတိကျကျဆုံးဖြတ်ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားအားလုံးသည် အားကစားသမားကောင်း အမူအကျင့်နှင့် ပင်ကိုစွမ်းရည်များကို ထုတ်ဖော်၍ အားကစားသမားအချင်းချင်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်သွားကြစေလိုကြောင်း ပြောကြားသည်။ ပြိုင်ပွဲကို စတင်ကျင်းပရာ စက်မှုဝန်ကြီးဌာန အမျိုးသမီးဘော်လီဘောအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

**နေပြည်တော် နိုဝင်ဘာ ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် နေပြည်တော် လယ်ဝေးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက နဝမတန်းနှင့် ဒသမတန်း ကျောင်းသား ကျောင်းသူများအား မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းထုတ်ပေးဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက

## လယ်ဝေးမြို့နယ်အတွင်း မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေး

နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိမိတို့ဌာနအနေဖြင့် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံတစ်ဝန်း ရပ်ကွက်၊ ကျေးရွာအနှံ့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက် ထုတ်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများအတွက် ပါ စာသင်ကျောင်းများသို့ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် ဒသမတန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အခက်အခဲမရှိစေလို၍ ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးသည့်အတွက် လွယ်လွယ်ကူကူရရှိမှုအပေါ် တန်ဖိုးမထားမဖြစ်စေရေးနှင့် စနစ်တကျကိုင်တွယ်ထိန်းသိမ်းကြရန် အရေးကြီးပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

မိုးပွင့်စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်မှုတွင် နဝမတန်းနှင့် ဒသမတန်းကျောင်းသားကျောင်းသူ စုစုပေါင်း ၃၄၀ အား နိုင်ငံသား စိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၀၆၀၀ | - | ၆၄၁၆၀၀ |
| မန္တလေး | ရွှေဈေး | ၆၄၀၄၀၀ | - | ၆၄၁၄၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၁၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၆၃. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၅. ၈၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၉၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၆၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၅၅၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၇၉. ၂၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၂. ၇၉၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၅. ၄၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၈၇. ၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**လားရှိုး နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၂၆၀ အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီခွဲက ယင်းကျောင်း ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်နှင့်အဖွဲ့က အထက(၆)ရှိ ဆရာ ဆရာမများနှင့်အတူ ကျောင်းသူ ကျောင်းသားများ၏ ကျောင်းထောက်ခံချက်၊ ရှေ့ပြေးလျှောက်လွှာနိုင်(၂)ဖြည့်စွက်မှုတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကျောင်းသားများ နိုင်ငံသားကတ် အခမဲ့ရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်မြောက်ပိုင်း လဝကတွဲဖက်ပြည်နယ်ဦးစီးဌာနမှူး(ဒုတိယ ညွှန်ကြားရေးမှူး) ဦးစောနိုင်၊ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့် ပညာရေးမှူးများ၊ ရပ်ကွက်(၄/၅) အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း၊ တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးစောနိုင်က မိုးပွင့်အဆင့်(၇)စီမံ ချက်အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြား၂၆၀ကို အထက (၆) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဇာဏီအောင်-လားရှိုး)**




## စိုက်ပျိုးရေးသုံးစက်မှုပစ္စည်းပြပွဲတက်ရောက်ရန် အီတလီနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၃**

အီတလီနိုင်ငံ၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် Italian Trade Agency မှ စိုက်ပျိုးရေးသုံး စက်မှုပစ္စည်းပြပွဲသို့တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းမှ အလုပ်အမှုဆောင် ဒေါ်မေညိုသည် နိုဝင်ဘာ ၁၀ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်းသိရသည်။ **(ကြေးမုံ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော်　နိုဝင်ဘာ　၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့သည် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနရှိ အခန်းအမှတ်(၂၀၀၆)၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးမြှင့်တင်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**☆ အာဆီယံမှ**

အစည်းအဝေးတွင် အာဆီယံ-အမေရိကန်မိတ်ဖက်အစီအစဉ်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ် (၂၀၁၁-၂၀၁၅) အကောင်အထည်ဖော်ခြင်း တိုးတက်မှုအခြေအနေများ၊ အာဆီယံနှင့်အမေရိကန်နိုင်ငံတို့အနေဖြင့် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ လူမှု-စီးပွားဖွံ့ဖြိုးရေးနှင့် ပြည်သူများအချင်းချင်းအကြား ပိုမိုနီးစပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

တစ်ဆက်တည်းတွင် အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သည် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြရာ တောင်တရုတ်ပင်လယ်ပြင်ငြိမ်းချမ်းရေးအပါအဝင် ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုမြှင့်တင်ရေးတွင် အတူပူးတွဲဆောင်ရွက်ကြရန်၊ အရှေ့တောင်အာရှ အဏုမြူလက်နက်ကင်းမဲ့ဇုန်စာချုပ်နောက်ဆက်တွဲ ပရိုတိုကောတွင် အဏုမြူလက်နက်ပိုင်ဆိုင်သော နိုင်ငံများ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် အစွန်းရောက် ပြည်ပအကြမ်းဖက်တိုက်ခိုက်သူများ အန္တရာယ်တွန်းလှန်ရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ အီဘိုလာကဲ့သို့သော ကူးစက်ရောဂါများတားဆီးကာကွယ်နိုင်ရေးကိစ္စများ၊ သဘာဝဘေးစီမံခန့်ခွဲရေး၊ သတင်းအချက်အလက်လုံခြုံရေး၊ သားရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်ရောင်းချမှုတားဆီး နှိမ်နင်းရေး၊ မူးယစ်ဆေးဝါး၊ လူနှင့်လက်နက်မှောင်ခိုမှု နှိမ်နင်းရေးတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံ-အမေရိကန် ပိုမိုကျယ်ပြန့်စွာ စီးပွားဆက်သွယ်ဆောင်ရွက်မှုအစီအစဉ် (အီး-၃) ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရေး၊ နည်းပညာကွာဟချက်နည်းပါးရေး စသည့် ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ ပေါင်းစည်းဆက်သွယ်ရေးမဟာစီမံကိန်း အကောင်အထည်ဖော်ရေး၊ အာဆီယံပို့ဆောင်ရေး မဟာဗျူဟာစီမံချက် ၂၀၁၁-၂၀၁၅ အကောင်အထည်ဖော်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်မှုဆိုင်ရာ အာဆီယံ-အမေရိကန်ပညာသင်ဆု ပေးအပ်ရေးအစီအစဉ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာ့မြေပေါ်မှ အကြီးအကျယ်ဆုံးသော အောင်ပွဲ

**အရေး – ထွန်းဝင်းနိုင်၊ မိုးသူဇာစိုး၊ ဟန်နီဝင်း**

**(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီးနှင့် ဆက်စပ်အစည်းအဝေးများကိုလည်း နိုဝင်ဘာ ၁၂ ရက်နေ့က အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပြီး အစည်းအဝေးအပြီးတွင် အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းထူထောင်ရေးမျှော်မှန်းချက်ဆိုင်ရာ နေပြည်တော်မူဘောင်ကြေညာချက်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အားဖြည့်ခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေးကြေညာချက်တို့ကို ထုတ်ပြန်နိုင်ခဲ့**

အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကို မြန်မာနိုင်ငံက လက်ခံရရှိချိန်တွင် နိုင်ငံတကာမီဒီယာ၊ နိုင်ငံတကာဆက်ဆံရေး လေ့လာသူများနှင့် မြန်မာ့အရေးလေ့လာသူများအကြား ပွက်လောရိုက်ခဲ့သည်။ အချို့က **"မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အသိအမှတ်ပြုခံရခြင်း၏ ရလဒ်"** ဟု ရှုမြင်ကြသလို မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူး ထမ်းဆောင်ခွင့်ရရှိခြင်းသည် **"ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာ၏အသိအမှတ်ပြုမှုကိုရရှိခြင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များအပေါ် အထောက်အကူပြုနိုင်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးကို ဆန့်ထုတ်နိုင်သည့် အခွင့်အလမ်းရရှိခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်"** ဟု ရှုမြင်သူများလည်းရှိခဲ့သည်။

အခြားတစ်ဖက်မှာလည်း မြန်မာနိုင်ငံ၏ အရင်းအမြစ်နှင့် စွမ်းဆောင်ရည် ကန့်သတ်ချက်များကြောင့် **"အာဆီယံ၏ ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးမှသည် လုပ်ငန်းစုအဖွဲ့အစည်းအဝေးအထိ တစ်နှစ်အတွင်း အစည်းအဝေးပေါင်း ၄၀၀ ခန့် လက်ခံကျင်းပနိုင်ရန် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ၊ ဘာသာရပ်ပိုင်းဆိုင်ရာစိန်ခေါ်မှုများကို"** သုတေသီများက လက်တွေ့ကျကျ ထောက်ပြမှုများလည်း ရှိခဲ့သည်။

အာဆီယံဥက္ကဋ္ဌအနေဖြင့် ၂၀၁၄ ခုနှစ် မေလ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၌ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့သလို တစ်ချိန်တည်းမှာပင် ကဏ္ဍအသီးသီး၌ ဝန်ကြီးအဆင့်အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို တစ်နှစ်တာပတ်လုံး အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည်။

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးကြီးနှင့် ဆက်စပ်အစည်းအဝေးများကိုလည်း နိုဝင်ဘာ ၁၂ ရက်နေ့က အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပြီး အစည်းအဝေးအပြီးတွင် အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းထူထောင်ရေးမျှော်မှန်းချက်ဆိုင်ရာ နေပြည်တော်မူဘောင်ကြေညာချက်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အားဖြည့်ခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေးကြေညာချက်တို့ကို ထုတ်ပြန်နိုင်ခဲ့သည်။

ယင်း ကြေညာချက်များတွင် အာဆီယံအသိုက်အဝန်း ရပ်တည်ချက်များ ခိုင်မာစေခြင်း၊ အာဆီယံမူဝါဒကို ထိန်းသိမ်းခြင်း၊ အာဆီယံဆိုင်ရာအဖွဲ့အစည်းများအားကောင်းခိုင်မာစေခြင်း၊ တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်လျှောက်ထားမှု၊ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းနှင့် အာဆီယံဆက်သွယ်ပေါင်းစည်းမှု၊ နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများ ပါဝင်ခဲ့သည်။

၂၀၁၅ အလွန် အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် ဘန်ဒါဆရီဘီဂါဝန် ကြေညာစာတမ်းနှင့်အညီ လုပ်ဆောင်၍ အာဆီယံစိတ်ဓာတ် one vision, one identity, one community ကို ဖော်ဆောင်သွားရန်၊ အာဆီယံ၏ ကဏ္ဍကြီးသုံးခုဖြစ်သည့် နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုစီးပွားရေးစသည့် pillar သုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် အာဆီယံတွင် တွေ့ကြုံနိုင်သည့် အခက်အခဲနှင့် စိန်ခေါ်မှုများကိုလည်း ဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ထို့ပြင် အာဆီယံ၏ ရှေ့လုပ်ငန်းစဉ်အဖြစ် နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်သူ့ဆန္ဒနှင့် ပြည်သူဗဟိုပြုသော အာဆီယံလုပ်ငန်းစဉ်များကို ပုံဖော်ဆောင်ရွက်ရန်၊ အာဆီယံလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများသည် ၂၀၁၅ အလွန်အာဆီယံ အသိုက်အဝန်း၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ ၂၀၁၅ အလွန် အာဆီယံ အသိုက်အဝန်းနှင့် ရှေ့ဆက်မည့် အသိုက်အဝန်း၏ အနာဂတ်လုပ်ငန်းစဉ်များအား ယခုကြေညာချက်ကို အခြေခံထား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အာဆီယံပူးပေါင်းဆောင်ရွက်ရေး ကောင်စီသည် အာဆီယံအသိုက်အဝန်း တိုးတက်ရေးဖြစ်စဉ်တစ်ရပ်လုံးနှင့် ၂၀၁၆-၂၀၂၅ သတ်မှတ်ဆောင်ရွက်မည့်အကြောင်းအရာများကို (၂၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုဆွေးနွေးရန်၊ အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးကောင်စီသည် အာဆီယံပူးပေါင် ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ လုပ်ဆောင်ရမည့် အဆင့်မြင့် လုပ်ငန်းတာဝန်များကို ကူညီဆောင်ရွက်ရန်စသည့် အချက်များကိုလည်း အာဆီယံခေါင်းဆောင်များက သဘောတူဆုံးဖြတ်ခဲ့ကြသည်။

အာဆီယံ အင်အားတောင့်တင်းခိုင်မာရေးအတွက် အာဆီယံအသိုက်အဝန်း၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်၊ အာဆီယံဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံလုပ်ငန်းစဉ်အားလုံးကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးကောင်စီလုပ်ငန်းအဖွဲ့၏ တင်ပြချက်များနှင့် လုပ်ငန်းဆောင်ရွက်ရန် တာဝန်များကို ကောင်စီက ဆုံးဖြတ်ဆောင်ရွက်ရန်၊ အာဆီယံ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး တိုးမြှင့်ရန်နှင့် ဒေသတွင်းတွေ့ကြုံနိုင်သည့် စိန်ခေါ်မှုများကိုဖြေရှင်းရန်၊ အာဆီယံ ရှေ့လုပ်ငန်းစဉ်များကို ဖွဲ့စည်းဆောင်ရွက်ရန်နှင့် အာဆီယံသည် မိတ်ဖက်နိုင်ငံများနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်တိုးမြှင့်ဆောင်ရွက်ရန်၊ အာဆီယံ၏ အစိတ်အပိုင်းများ အင်အားတောင့်တင်းခိုင်မာစေရန်၊ အာဆီယံ၏ မဏ္ဍိုင်သုံးခုကိုအခြေခံ၍ လုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊ အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံအဖွဲ့ကြီး ခိုင်မာစေရေးအတွက် လူသားအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန် စသည့် အချက်များကို အာဆီယံ ခေါင်းဆောင်များက သဘောတူဆုံးဖြတ်ခဲ့ကြသည်။

၂၀၀၈ ခုနှစ်ကတည်းက အာဆီယံပဋိညာဉ်စာတမ်းချမှတ်ကာ ထူးခြားသည့် မှတ်တိုင်တစ်ခုဖြစ်သော စည်းမျဉ်းဥပဒေကိုအခြေပြုသည့် အာဆီယံ၏ပြယုဂ်ကို ယခုကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီးက အတည်ပြုထင်ရှားစေခဲ့သလို အာဆီယံ၏ အမြင့်ဆုံးရာထူးဖြင့် မြန်မာ့မြေပေါ်တွင် အကြီးကျယ်ဆုံးအစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံအတွက် သမိုင်းဝင်အောင်မြင်မှုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။ ။

# ရန်ကုန်စာတိုက်ကြီး၌ ဆင်းကတ်များ တိုက်ရိုက်ရောင်းချပေးမည်

**ရန်ကုန်　နိုဝင်ဘာ　၁၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဂျပန်နိုင်ငံ KDDI ကော်ပိုရေးရှင်းနှင့် Sumitomo ကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ MTP Sim Card များကို နိုဝင်ဘာ ၁၄ ရက်မှစ၍ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်စာတိုက်ကြီး၌ စတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဥမ္မာသန့်(သတင်းစဉ်)**

ကြေးမုံ





# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော်   နိုဝင်ဘာ   ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာ တာကီ ဟီကို နာကာအိုတို့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနရှိ အခန်းအမှတ်(၂၀၀၆)၌ တွေ့ဆုံ ဆွေးနွေးခဲ့သည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးနိုင်သည့် အလားအလာများ၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက် နိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**





# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ရုရှားနိုင်ငံဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော်   နိုဝင်ဘာ   ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်တို့သည် ယနေ့နံနက် ၈ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနရှိ အခန်းအမှတ်(၂၀၀၆)၌ တွေ့ဆုံဆွေးနွေး ခဲ့သည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင် ရွက်ရေး၊ မြန်မာပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောက်လုပ်ရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍ များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တောင်ကြီးမြို့တွင် ဆိုဗီယက်ပြည်ထောင်စု အကူအညီဖြင့် ဆောက်လုပ်ခဲ့သည့် စဝ်စံထွန်းဆေးရုံကို ခေတ်မီအောင်ပြန်လည်မွမ်းမံနိုင်မည့် အလားအလာများ ကိုလည်း ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအတွင်း ရုရှားဝန်ကြီးချုပ်က နိုင်ငံတော် သမ္မတအား နှစ်ဦးနှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လာရောက်လည်ပတ်ရန် အတွက် ထပ်လောင်းဖိတ်ကြားခဲ့သည်။ **(သတင်းစဉ်)**

# (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ဇနီးများ မြန်မာ့လက်မှုအနုပညာပြခန်းသို့ သွားရောက်ကြည့်ရှုလေ့လာ

**ရန်ကုန်   နိုဝင်ဘာ   ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီးဒေါ်ခင်ခင်ဝင်းသည် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်း အဝေးနှင့် ဆက်စပ်အစည်းအဝေးများ သို့ တက်ရောက်လာကြသည့် နိုင်ငံ့ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီး အကဲများ၏ဇနီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မဏိရတနာခန်းမရှိ မြန်မာ့ရိုးရာ လက်မှုအနုပညာပြခန်းတို့ကို လှည့် လည်ကြည့်ရှုခဲ့ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့ဝင်များ သည် နံနက်ပိုင်းတွင် မဏိရတနာ ခန်းမသို့ ရောက်ရှိပြီး ယဉ်ကျေးမှု ဝန်ကြီးဌာန အမျိုးသားပြတိုက်မှ စီစဉ်ထားရှိသည့် ပျူခေတ်မှ ပုဂံ၊ ကုန်းဘောင်၊ ရတနာပုံခေတ်တိုင် မြန်မာတို့၏ ကျော်ကြားလှသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် လက်ရာများ၊ အသုံးအဆောင် လက်မှုပစ္စည်းများ ပြသထားသည့် ပြခန်းကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့ဝင်များ သည် မဏိရတနာကျောက်စိမ်းခန်းမ အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာချည်ထည်နှင့် ပိုးထည် များ၊ ကြိမ်ထည်၊ ကချင်ရိုးရာ ဂျပ်ခုတ်ထည်၊ ချင်းရိုးရာရက်ကန်း ထည်၊ မြန်မာ့ရိုးရာရွှေချည်ထိုး၊ ငွေပန်းထိမ်၊ ယွန်းထည်၊ ပုသိမ်ထီး၊ ကျောက်စီပန်းချီ၊ တန်ဖိုးမြင့် ကျောက်စိမ်းပန်းပုနှင့် မြန်မာ့ အနုပညာ လက်ဝတ်ရတနာများကို လက်တွေ့သရုပ်ပြထုတ်လုပ်ခင်းကျင်း ပြသထားမှုများကို လှည့်လည် ကြည့်ရှုလေ့လာပြီး စိတ်ကြိုက် ရွေးချယ်ကာ ဝယ်ယူကြသည်။



ယင်းနောက် ကြည့်ရှုလေ့လာကြခဲ့ ကြသည့် ထိုင်း၊ မလေးရှား၊ စင်ကာပူ ဝန်ကြီးချုပ်တို့၏ဇနီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၏ဇနီးနှင့် ကုလ သမဂ္ဂအတွင်းရေးမှူးချုပ်တို့၏ ဇနီး တို့အား နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းက အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

# အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် ကွန်ပျူတာအတွင်း အချက်အလက်ဖြည့်သွင်းခြင်း ဆောင်ရွက်မှုများစတင်

**နေပြည်တော်   နိုဝင်ဘာ   ၁၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ကွန်ပျူတာစနစ်ဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း ကြိုတင်ပြုစုခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး ၁၀ မြို့နယ် (ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ဒေါပုံ၊ ဆိပ်ကမ်း၊ ဒဂုံ၊ လသာ၊ ကျောက်တံတား၊ လမ်းမတော်၊ ကမာရွတ်၊ ဆိပ်ကြီးခနောင်တို)တွင် နိုဝင်ဘာ ၁၁ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းဖြစ်စေရေးအတွက် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန်နှင့် မဲစာရင်းများ ကပ်ထားကြေညာသည့်အခါ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် သွားရောက်ကြည့်ရှုပေးကြပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးနှိုးဆော်ထားသည်။

**(ကြေးမုံ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၄-၁၁-၂၀၁၄ (သောကြာနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အာဠာနာဋိယသုတ် |
| ၁၁း၀၅ | Food & Decor |
| ၁၁း၃၅ | MRTV-4 Stage |
| ၁း၀၀ | “ကမ်းနှစ်ဖက်ကို အောင်မြင်သူ” တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)] |
| ၄း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၂း၁၅ | European Qualifiers (Germany Vs Gibraltar) (LIVE) |
| ၄း၁၅ | World Of Knowledge (Seconds from Disaster; Norway Massacre) |

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၃

**(၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် လီခချန်း၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။**




အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အာဆီယံ-တရုတ် မဟာဗျူဟာ ဆက်ဆံရေးတိုးတက်မှုအတွက် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နိုင်ငံမှ အဆိုပြုထားသည့် ၂+၇ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်အသစ်များ ရှာဖွေရေးနှင့် အာဆီယံနှင့် တရုတ်နိုင်ငံတို့မှ တောင်တရုတ်ပင်လယ်ကိစ္စအား ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများကို ဆွေးနွေးခဲ့သည်။

**ဆွေးနွေး**

ထို့ပြင် အာဆီယံနှင့်တရုတ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်များအပြင် အာဆီယံဦးဆောင်သည့် ဒေသဆိုင်ရာယန္တရားများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရေး၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ အဆင့်မြှင့်တင်ရေးကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်သွားရေးနှင့် တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများဆိုင်ရာကြေညာစာတမ်း အပြည့်အဝ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ဒေသဆိုင်ရာ လိုက်နာရမည့် လုပ်ထုံးလုပ်နည်း တူညီဆန္ဒကိုအခြေခံပြီး ဆောလျင်စွာ အဆုံးသတ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

(၁၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန ပတ္တမြားခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် လီခချန်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ပတ်ဂွန်ဟေး၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ထိန်းသိမ်းရေး၊ အာဆီယံပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ မဟာစီမံကိန်းကို အကူအညီပေးရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့ပြင် နိုင်ငံရေးနှင့်လုံခြုံရေးနယ်ပယ်တွင် အာဆီယံအပေါင်းသုံး မိတ်ဖက်ပြုမှု ခိုင်မာရှင်သန်ရေး၊ အာဆီယံအပေါင်းသုံး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံအပေါင်းတစ် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်များ ရှင်သန်စေရေး၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တည်ထောင်ရေး၊ စွမ်းအင်လုံခြုံမှုရရှိရေး၊ စားနပ်ရိက္ခာလုံခြုံရေး၊ အာဆီယံအပေါင်းသုံး စားနပ်ရိက္ခာလုံခြုံမှုဆိုင်ရာ သတင်းစနစ်တစ်ရပ်တည်ထောင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**




**(၁၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံတွင် လူမှုတာဝန်သိသော စီးပွားရေးဆောင်ရွက်မှုများကို ပိုမိုအားထုတ်လုပ်ကိုင်ကြရန် တိုက်တွန်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် UN Global Compact(UNGC) Network, Myanmar မှ အဖွဲ့ဝင်များနှင့်နေပြည်တော်တွင် တွေ့ဆုံခဲ့ကြောင်းသိရသည်။

တွေ့ဆုံပွဲကို နိုဝင်ဘာ ၁၂ ရက်ကပြုလုပ်ခဲ့ပြီး သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းက အဖွင့်နှုတ်ဆက်စကားပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေချိန်တွင် တာဝန်သိသော စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးမှာ အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ၎င်းအနေဖြင့် လွန်ခဲ့သည့် နှစ်နှစ်ကျော်ခန့်က မြန်မာနိုင်ငံကိုလာရောက်လည်ပတ်ခဲ့ချိန်အတွင်း ဖြစ်ထွန်းတိုးတက်မှုများကိုလည်း အထူးအလေးပေးပြောကြားခဲ့ပြီးအစိုးရ၏ကြိုးပမ်းအားထုတ်မှုများကိုလည်း အားပေး အသိအမှတ်ပြုခဲ့သည်။ အဖွဲ့ဝင်များကိုလည်း မြန်မာနိုင်ငံတွင် လူမှုတာဝန်သိသော စီးပွားရေးဆောင်ရွက်မှုများကို ပိုမိုအားထုတ်လုပ်ကိုင်ကြရန်လည်း ထည့်သွင်းတိုက်တွန်းခဲ့သည်။

UNGC ၏ အထွေထွေအတွင်းရေးမှူး နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပြည်တွင်း Network ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း ၂၀၁၂ ခုနှစ် မေလခရီးစဉ်မှ ယခုအချိန်အထိ နှစ်နှစ်ကျော်ကာလအတွင်း ထင်ရှားသည့် တိုးတက်အောင်မြင်မှုများကို ရှင်းလင်းတင်ပြပြီး တိုးတက်မှုမှတ်တမ်းကို မစ္စတာဘန်ကီမွန်းအားပေးအပ်ခဲ့သည်။

ပြည်တွင်းကုမ္ပဏီအသစ် ၁၅ ခုမှ အဖွဲ့ဝင် ဝင်ခွင့်လျှောက်လွှာများကို မစ္စတာဘန်ကီမွန်းအား ပေးအပ်ကြသည်။ UN Global Compact (UNGC) Network, Myanmar တွင် အဖွဲ့ဝင်ကုမ္ပဏီပေါင်း ၁၂၀ ရှိနေပြီဖြစ်သည်။ လူမှုတာဝန်သိမှု စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံမှ တိုးပွားကြီးမားလာစေရေးအတွက် အမြတ်ရာခိုင်နှုန်းငါးရာခိုင်နှုန်းအထိကို လူမှုတာဝန်သိလုပ်ငန်းစဉ်များတွင် အသုံးပြုရန် တွန်းအားပေးလျက်ရှိသည်။

အာဆီယံနိုင်ငံများထဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံသာ ထိုသို့သော လုပ်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိပြီး UN Global Compact ကို ဝင်ရောက်ရေးကို လှုံ့ဆော်ဆောင်ရွက်လျက်ရှိသော တစ်ခုတည်းသောနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် OECD ၏ တာဝန်သိသော စီးပွားရေးလုပ်ဆောင်မှုများဆိုင်ရာ အခြေခံမူများနှင့် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးများကို အခြေခံသော UNGC အခြေခံမူ (၁၀)ချက်ကို အတူယှဉ်တွဲအကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိသည်။ အစိုးရအနေဖြင့် အားလုံးအကျိုးခံစားရမည့် ရေရှည်တည်တံ့သော လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးမှုပေါ်ပေါက်ရေးအတွက် တာဝန်သိစီးပွားရေးလုပ်ငန်းများ အားကောင်းလာရေး တွန်းအားပေးလုပ်ဆောင်ချက်များကိုလည်း ထိုမူများနှင့်အညီ အကောင်အထည်ဖော်လျက်ရှိသည်။

ဆက်လက်၍ ဒေါက်တာအောင်ထွန်းသက်က အဖွဲ့ဝင်များကိုယ်စား ၂၀၁၄ ခုနှစ်မကုန်မီ UNGC တွင် အဖွဲ့ဝင် ကုမ္ပဏီအနည်းဆုံး ၁၀၀၀ ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာဘန်ကီမွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းတို့အား ကတိပေးပြောကြားခဲ့သည်။ ထို့နောက် မစ္စတာဘန်ကီမွန်းထံ တိုးတက်မှုမှတ်တမ်းကိုပေးအပ်သည်။

အစည်းအဝေးသို့ ကုလသမဂ္ဂ မြန်မာအထူးကိုယ်စားလှယ် Mr. Nambiar၊ ကုလသမဂ္ဂနိုင်ငံရေးဌာန လက်ထောက်အတွင်းရေးမှူး၊ UNESCAP အုပ်ချုပ်မှုဆိုင်ရာ အတွင်းရေးမှူး၊ ကုလသမဂ္ဂ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်၊ UNDP ဌာနေကိုယ်စားလှယ်များနှင့် UNGC မှ အဖွဲ့ဝင် ၅၀ ကျော် တက်ရောက်ခဲ့ကြသည်။

**(ကြေးမုံ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၁၃**

အာဆီယံ ခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီ ထိပ်သီးအစည်းအဝေးကို ယနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန မြခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီဝင်များ၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံနိုင်ငံများအကြား ပေါင်းစည်းဆက်သွယ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပြောင်းလဲလျက်ရှိသော စီးပွားရေး၊ လူမှုရေးကဏ္ဍတွင် အာဆီယံဒေသတွင်းရှိ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အမျိုးသမီးများ၏ ပါဝင်မှု၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း စွမ်းဆောင်မှုကဏ္ဍများနှင့် ပတ်သက်၍ အလေးထားဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# အမေရိကန်သမ္မတ ဘားရက်အိုဘားမား မြန်မာနိုင်ငံရှိ လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားသည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နန်းဝတီဟိုတယ်၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် နေပြည်တော်၌ ကျင်းပနေသည့် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ် မြန်မာနိုင်ငံအရေးကိစ္စများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့သို့ သွားရောက်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးမှု ဆက်လက်ပြုလုပ်မည်ဖြစ်သည်။ ယင်းနောက် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်မှု စွမ်းရည်အစီအစဉ်မှ လူငယ်များအား တွေ့ဆုံမိန့်ခွန်းပြောကြားမည်ဖြစ်သည်။ မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်သည်။



**(မြတ်သန္တာမောင်)**

# နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၃

**နေပြည်တော်၌ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန်ရောက်ရှိနေသော နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။**



ထိုသို့တွေ့ဆုံရာတွင် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် **(ယာပုံ)**တို့သည် နံနက် ၈ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် ရုရှားနိုင်ငံဝန်ကြီးချုပ်တို့သည် နံနက် ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့သည် နံနက် ၉ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ ကိုရီးယားနိုင်ငံသမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နံနက် ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ ရုရှားနိုင်ငံဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် **(ဝဲပုံ)**တို့သည် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုသမ္မတနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့သည် မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံဝန်ကြီးချုပ်တို့သည် ညနေ ၃ နာရီတွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံဝန်ကြီးချုပ်တို့သည် ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် ညနေ ၄ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံသမ္မတတို့သည် ညနေ ၆ နာရီခွဲတွင် လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး တက်ရောက်ရန် ရောက်ရှိလာကြသော နိုင်ငံ့အကြီးအကဲများ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နိုဝင်ဘာ ၁၂ ရက်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ ဘားရက် အိုဘားမားအား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



နိုင်ငံတော် သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နရန်ဒရာမိုဒီအား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် တိုနီ အဲ့ဘော့တ်အား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇို အာဘေးအား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခချန်းအား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ပတ်ဂွန်ဟေးအား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုအဖြစ် အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန စတင်ဖွင့်လှစ်နိုင်ခဲ့




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၁၃**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်း အဝေးများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ည ၇ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန သန္တာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက် ရောက်၍ အစည်းအဝေးကျင်းပခဲ့မှု နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၊ ဆက်စပ်အစည်း အဝေးများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားလိုကြောင်း၊ ယခု ကျင်းပခဲ့ သည့် (၂၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များနှင့် မိတ်ဖက်နိုင်ငံ များမှ ခေါင်းဆောင်များသည် ဒေသ တွင်း ပြည်သူများ၊ မိတ်ဖက်နိုင်ငံများမှ ပြည်သူများအတွက် အကျိုးဖြစ်ထွန်း စေသည့် အရေးကြီးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ အားလုံး ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ အပေါ်တွင် အမြင်ချင်းဖလှယ်နိုင်ခဲ့ ပါကြောင်း။

ယခုကိစ္စများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြ ပါကြောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် အာဆီယံခေါင်းဆောင်များအနေဖြင့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် တွေ့ဆုံခဲ့ကြပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရေး ၏ တိုးတက်မှုများကို သုံးသပ်ခဲ့ကြပါ ကြောင်း၊ အာဆီယံခေါင်းဆောင်များ အနေဖြင့် အာဆီယံအသိုက်အဝန်း အခြေပြမြေပုံများ အကောင်အထည် ဖော်မှုကို မည်သို့တွန်းအားပေးမည်နှင့် အာဆီယံအသိုက်အဝန်း ထူထောင်ပြီး နောက်ပိုင်း အသိုက်အဝန်းကို မည်သို့ ခိုင်မာအောင် ဆောင်ရွက်သွားမည်ကို ဆွေးနွေးခဲ့ကြပါကြောင်း။

မိမိတို့အနေဖြင့် ကမ္ဘာ့အသိုက် အဝန်းအတွင်းတွင် အာဆီယံ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန်လည်း ဆွေးနွေးခဲ့ကြပါကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင် အာဆီယံ ဦးဆောင်သည့် အာဆီယံအပေါင်းတစ်၊ အာဆီယံအပေါင်းသုံး၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေး၊ အာဆီယံ ဒေသဆိုင်ရာဖိုရမ်၊ အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အပေါင်း အစည်းအဝေးစသည့် အပြန်အလှန် အကျိုးရှိစေမည့် ဒေသတွင်းယန္တရား အသီးသီးမှတစ်ဆင့် ဆွေးနွေးဖက် နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ပိုမို နက်ရှိုင်းစွာ ထိတွေ့သွားရန်ကိုလည်း ဆွေးနွေးခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ ဖြစ်သည့် မြန်မာနိုင်ငံ၏ ဦးဆောင် ဦးရွက်ပြုမှုအဖြစ် အာဆီယံအစိမ်းရောင် စီးပွားရေးဗဟိုဌာန (ASEAN Institute for Green Economy)ကို အာဆီယံနိုင်ငံများ၏ အပြည့်အဝ ထောက်ခံမှုနှင့် မိမိတို့ စတင်ဖွင့်လှစ် နိုင်ခဲ့ပါကြောင်း၊ ယင်းဗဟိုဌာနသည် ရန်ကုန်မြို့တွင် တည်ရှိမှာဖြစ်ပြီး အာဆီယံနိုင်ငံများနှင့်သာမက အခြား နိုင်ငံများနှင့်ပါ ရာသီဥတုနှင့် လိုက်လျောမှုရှိပြီး ပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့် နည်းပညာများအပေါ် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

(၂၅)ကြိမ်မြောက် ထိပ်သီးအစည်း အဝေး၏ ရလဒ်များအဖြစ် အာဆီယံ ဥက္ကဋ္ဌ၏ ကြေညာစာတမ်းကို ထုတ်ပြန် နိုင်ခဲ့သည့်အပြင် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ဆိုင်ရာအဓိကအချက်များကို ဖော်ပြ သည့် နေပြည်တော်မူဘောင် (Nay Pyi Taw Framework) ကို ချမှတ်နိုင်ခဲ့ပြီး အာဆီယံအတွင်းရေး မှူးချုပ်ရုံး အားဖြည့်ခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့အစည်းများကို ပြန်လည် သုံးသပ်ရေးဆိုင်ရာ ကြေညာစာတမ်း (Declaration on Strengthening of ASEAN Secretariat and Reviewing of ASEAN Organs) ကိုလည်း အတည်ပြုချမှတ်နိုင်ခဲ့ပါ ကြောင်း၊ ယခုကြေညာစာတမ်းများကို စာနယ်ဇင်းပုဂ္ဂိုလ်များအနေဖြင့် ရရှိ နိုင်အောင် ဆောင်ရွက်ထားပြီး အင်တာနက်မှတစ်ဆင့် ရရှိနိုင်အောင် လည်း ဆောင်ရွက်ထားပါကြောင်း။

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးအပြီးတွင် အာဆီယံ ဆွေးနွေးဖက်နိုင်ငံများနှင့် ထိပ်သီး အစည်းအဝေးများကို ဆက်တိုက် ကျင်းပခဲ့ပါကြောင်း၊ နှစ်ဦးနှစ်ဖက် စိတ်ပါဝင်စားသည့် ဘာသာရပ်များ အပေါ်တွင် အမြင်ချင်းဖလှယ်သည့် အခွင့်အရေးကိုရရှိခဲ့ပြီး နားလည် သဘောပေါက်မှုများ ပိုမိုရရှိခဲ့ကာ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အနာဂတ်အစီအစဉ်များကို ချမှတ် နိုင်ခဲ့ပါကြောင်း။

(၉)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးကို အာဆီယံ ခေါင်းဆောင်များနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံ များဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး ဒေသတွင်း ရင်ဆိုင်နေရသည့် မဟာ ဗျူဟာကျသော အရေးကိစ္စများကို ပွင့်လင်းမှုရှိစွာနှင့် အကျိုးရှိရှိ ဆွေးနွေး နိုင်ခဲ့ပါကြောင်း။

အီးအေအက်စ်၏ ဦးစားပေးကဏ္ဍ များတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက် မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါ ကြောင်း၊ အထူးသဖြင့် ဘဏ္ဍာရေး၊ သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်၊ ပညာရေး၊ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး ကိစ္စရပ်များနှင့် ကူးစက်မြန်ရောဂါများ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှု များနှင့် အာဆီယံဆက်သွယ် ပေါင်းစည်းမှုဆိုင်ရာကိစ္စများတွင် ဖြစ်ပါ ကြောင်း။

(၉)ကြိမ်မြောက် ထိပ်သီးအစည်း အဝေးမှ တောရိုင်းတိရစ္ဆာန်များ တရား မဝင်ရောင်းဝယ်မှုကို တိုက်ဖျက်ခြင်း ဆိုင်ရာ ကြေညာစာတမ်းနှင့် အီဘိုလာ ရောဂါဖြစ်ပွားမှုကို တုံ့ပြန်သည့် ကြေညာချက်များကို အတည်ပြု ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ အီရတ်နှင့် ဆီးရီးယားတွင်ရှိသည့် အကြမ်းဖက် အဖွဲ့အစည်းများ၊ အစွန်းရောက် အခြေခံဝါဒီများ၏ အကြမ်းဖက်မှု လုပ်ရပ်များနှင့် ပတ်သက်ပြီး ကြေညာ ချက် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

ထို့အပြင် သဘာဝဘေးအန္တရာယ် များ၌ လျင်မြန်စွာ တုံ့ပြန်ရန်အတွက် အရှေ့အာရှထိပ်သီးအစည်းအဝေး၏ လမ်းညွှန်ချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ယခုနှစ် အာဆီယံနှင့် ဩစတြေးလျ၏ ဆက်ဆံရေး နှစ်(၄၀) ပြည့်သည့်နှစ် ဖြစ်ပါကြောင်း၊ ယင်းသမိုင်းဝင်အထိမ်း အမှတ်ကို နိုဝင်ဘာ ၁၂ ရက် အာဆီယံ-ဩစတြေးလျအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးအနေဖြင့် ကျင်းပ ခဲ့ပါကြောင်း။

တရုတ်နှင့် ဂျပန်နိုင်ငံ တစ်နိုင်ငံ ချင်းစီနှင့် ထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ခဲ့သကဲ့သို့ အာဆီယံ အပေါင်းသုံး ထိပ်သီးအစည်းအဝေးကို လည်း ကျင်းပနိုင်ခဲ့ပြီး သက်ဆိုင်ရာ လုပ်ငန်းစီမံချက်များ၏ အကောင် အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများနှင့် အနာဂတ် ဆက်ဆံရေး အခြေအနေများကို ဆွေးနွေးခဲ့ကြပါကြောင်း။

တောင်တရုတ်ပင်လယ်ပြင်တွင် လိုက်နာဆောင်ရွက်ရန်ကိစ္စများနှင့် ပတ်သက်သည့် အာဆီယံ-တရုတ် တောင်တရုတ်ပင်လယ်ဆိုင်ရာ လုပ်ထုံး လုပ်နည်းကြေညာချက် (ဒီအိုစီ) အပြည့်အဝ အကောင်အထည် ဖော်ရေး၊ တောင်တရုတ်ပင်လယ်ပြင် လုပ်ထုံးလုပ်နည်း(စီအိုစီ) ဆောလျင် စွာ ပေါ်ထွက်ရေးတို့ကို အတူတကွ ဆက်လက်ဆောင်ရွက်ကြရန် ထပ်လောင်း ကတိကဝတ်ပြုကြပြီး ၂၀၁၅ ခုနှစ်မှာ အာဆီယံ-တရုတ် ပင်လယ်ရေကြောင်း ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှစ် အဖြစ် သတ်မှတ်ရေးကြေညာချက်ကို လည်း ကြိုဆိုခဲ့ကြပါကြောင်း။

ထို့အပြင် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘော တူညီချက် အဆင့်မြှင့်တင်နိုင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီး မြှုပ်နှံရေးဘဏ်ထူထောင်နိုင်ရေးတို့ ကို ဆက်လက်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြပါကြောင်း။

မိမိတို့အနေဖြင့် နိုဝင်ဘာ ၁၃ ရက် တွင် အမေရိကန်သမ္မတ အိုဘားမားနှင့် တွေ့ဆုံ၍ အာဆီယံ-အမေရိကန် ဆွေးနွေးဖက်ဆက်ဆံရေး ပိုမိုခိုင်မာစေ ရေး ဆောင်ရွက်သွားကြရန် နှစ်ဖက် ကတိကဝတ်ကို ထပ်လောင်းဖော်ပြ နိုင်ခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရေး၊ ပညာရေး ဖလှယ်မှုများ တိုးမြှင့်ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြပါကြောင်း၊ အာဆီယံ နှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာကိစ္စတွင် ပူးပေါင်း ဆောင်ရွက်ကြရန် ကတိကဝတ်ရှိကြ သည်ကို ထင်ဟပ်သည့်အနေဖြင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အာဆီယံ-အမေရိကန် ပူးတွဲကြေညာ ချက်ကို ထုတ်ပြန်နိုင်ခဲ့ကြပါကြောင်း။

မိမိတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်အသစ်ဖြစ်သည့် နရန်ဒရာ မိုဒီနှင့်လည်း တွေ့ဆုံခဲ့ကြပါကြောင်း၊ ဤအစည်းအဝေးသည် ဝန်ကြီးချုပ်မိုဒီ ပထမဆုံးအကြိမ်အဖြစ် တက်ရောက် သည့် အာဆီယံ-အိန္ဒိယထိပ်သီး အစည်းအဝေးဖြစ်ပြီး ငြိမ်းချမ်းသာယာ ဝပြောမှုကို မျှဝေခံစားရေးကို ဦးတည် သည့် အာဆီယံ-အိန္ဒိယ မဟာမိတ် အစီအစဉ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်(၂၀၁၀-၂၀၁၅) အကောင် အထည်ဖော်ရေး တိုးတက်မှုအခြေ အနေများကို ဆွေးနွေးခဲ့ကြပြီး မဟာ မိတ်အစီအစဉ်ကို ပိုမိုခိုင်မာစေမည့် လက်တွေ့ကျသော အစီအစဉ်များ ပါဝင်သည့် လုပ်ငန်းစဉ်သစ် ရေးဆွဲ သွားရန် ဆွေးနွေးနိုင်ခဲ့ကြပါကြောင်း။

နိုဝင်ဘာ ၁၃ ရက်တွင် (၂၅)ကြိမ် မြောက် အာဆီယံထိပ်သီးအစည်း အဝေးနှင့် ဆက်စပ်ထိပ်သီးအစည်း အဝေးများကို အောင်မြင်စွာကျင်းပ နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဆောင် ရွက်နိုင်ခဲ့ခြင်းသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပံ့ပိုး ပေးမှုတို့ကြောင့် အောင်မြင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ အာဆီယံ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက် နေသည့်အချိန်တွင် ပူးပေါင်းပံ့ပိုးပေး ခဲ့ကြသည်ကို အထူးပင်ကျေးဇူးတင်ရှိ ပါကြောင်း၊ (၂၅) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်း အနားတွင် မလေးရှားနိုင်ငံကို ၂၀၁၅ ခုနှစ်၏ အာဆီယံဥက္ကဋ္ဌအဖြစ် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

မလေးရှားနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌ ဆောင်ပုဒ်ဖြစ်သည့် “Our People, Our Community, Our Vision” နှင့်အညီ အာဆီယံ၏မျှော်မှန်းချက် များကို ဆက်လက်ဖြည့်ဆည်းပေးနိုင် မည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံ ဥက္ကဋ္ဌတာဝန်ယူမည့် မလေးရှားနိုင်ငံ ကို အောင်မြင်မှုများ ရရှိသွားရန် ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တက်ရောက်လာသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည် များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၄-၁၁-၂၀၁၄ (သောကြာနေ့)

[၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်၊ ဥပုသ်နေ့]

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၅ | မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (အဋ္ဌမဆယ်စုနှစ်) (အပိုင်း-၂) |
| ၁၂း၄၅ | ဆေးရောင်စုံရုပ်ရှင် “ခုတော့သိပြီ မင်းကိုကိုယ်ချစ်သည်” (စိုးသူ၊ မေဆွိ၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြီးမြင့်) |
| ၄း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ်(မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၈း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၀၀ | ပြည်တွင်းသတင်း ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ လူမှုစီးပွားမြင်ကွင်းများ -Hyper Sports -မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုဇာတ်လမ်း “အချိန်တိုင်း နေရာတိုင်း” (အပိုင်း-၁၃) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းဦး၊ စိုင်းစည်သွမ်ခမ်း၊ ထွန်းအိန္ဒြာဗို၊ မိုးဟေကို၊ ဖွေးဖွေး၊ အေးမြတ်သူ၊ ယဉ်လတ်၊ ရွှေမင်းသမီး) (ဒါရိုက်တာ-ဝိုင်း) |

## ပြည်တွင်းရေးရာ

# အာဆီယံအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့်ဆက်ဆံရေး အနာဂတ်ကာလများတွင် ပိုမိုထိရောက်အကျိုးရှိစေရန်အတွက် အစီအမံများချမှတ်နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၃**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပိတ်ပွဲအခမ်းအနားနှင့် အာဆီယံ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပွဲအခမ်းအနားတို့ကို ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ် အတွင်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းတင်ဗီဒီယိုကို ပြသ သည်။

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌတာဝန်ယူမှုသည် မြန်မာနိုင်ငံအာဆီယံအဖွဲ့ကြီး၏ အဖွဲ့ဝင်ဖြစ်သည့် သက်တမ်း (၁၇)နှစ်အတွင်း၌ ပထမဆုံးအကြိမ် ထမ်းဆောင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့၏ပင်ကိုစွမ်းအားကို အခြေခံပြီး အကောင်းဆုံးဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် ကာလအတွင်း မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ် ကာလတစ်လျှောက်လုံးတွင် အောင်မြင်စွာဆောင်ရွက်နိုင် ရေးအတွက် အဘက်ဘက်က နားလည်သဘောပေါက်မှုများ နှင့် ပံ့ပိုးကူညီပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အာဆီယံ နိုင်ငံများ၏ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် များကို အထူးကျေးဇူးတင်ရှိပါကြောင်း။

အဆွေတော်တို့၏ ပူးပေါင်းပါဝင်မှုများ၊ ပံ့ပိုးမှုများနှင့် အတူ မိမိတို့အားလုံး၏ စုပေါင်းညီညာ ကြိုးပမ်းအားထုတ်မှု များသည် ယခုနှစ်အတွင်းတွင် အောင်မြင်မှုရလဒ်များစွာ ပေါ်ထွန်းစေခဲ့ပါကြောင်း၊ အဆိုပါကြိုးပမ်းမှုများသည် "ရှေ့သို့တူညီ တက်လှမ်းချီ ငြိမ်းချမ်းဝေစည် အသိုက်အဝန်း ဆီ"ဟူသည့် ဆောင်ပုဒ်နှင့် တစ်ထပ်တည်းပင်ဖြစ်ပါကြောင်း။

အာဆီယံ၏ ကမ္ဘာပေါင်းစုံအပေါ်တွင် တိုးတက်မှုများ ဖြစ်ထွန်းစေခဲ့သည့် အဆက်ဆက်သော အာဆီယံဥက္ကဋ္ဌများ၏ ကြိုးပမ်းအားထုတ်အောင်မြင်မှုများအပေါ် မိမိတို့ အနေဖြင့် ထပ်လောင်းအားဖြည့် တန်ဖိုးမြှင့်တင်နိုင်ခဲ့ပါကြောင်း။

အာဆီယံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းတည်ငြိမ် အေးချမ်းမှုကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့သည့်အပြင် စီးပွားရေး ပေါင်းစည်းမှုအရှိန်ကိုလည်း မြှင့်တင်နိုင်ခဲ့ပါကြောင်းနှင့် ဒေသတွင်း လူမှု-ယဉ်ကျေးမှုများ သဟဇာတဖြစ်စေရေးကို လည်း ပိုမိုအားပေးနိုင်ခဲ့ပါကြောင်း။

ယခုနှစ်အတွင်း မိမိတို့အနေဖြင့် အာဆီယံနိုင်ငံများ အကြားတွင်သာမက အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ပိုမို ရင်းနှီးခင်မင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက် နိုင်ခဲ့ကြပါကြောင်း။

ထို့ပြင် အာဆီယံအသိုက်အဝန်း ပေါ်ထွန်းလာစေရေး အတွက် ကြိုးပမ်းရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ဖော်ထုတ်ပြီး ၎င်းတို့ကိုကျော်လွှားနိုင်မည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ အာဆီယံအသိုက်အဝန်း၏ အနာဂတ်အစီအစဉ်များကို စဉ်းစားဆွေးနွေးခဲ့ကြပြီး အဖွဲ့ အစည်းပိုင်းဆိုင်ရာ စွမ်းရည်ကြံ့ခိုင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိမှုတို့ကို မြှင့်တင်သွားနိုင်မည့် နည်းလမ်းများ၊ အစီအမံများ ဖော်ထုတ်ရန် ကြိုးပမ်းနိုင်ခဲ့ပါကြောင်း။

အာဆီယံအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေး အနာဂတ်ကာလများတွင် ပိုမိုထိရောက်အကျိုးရှိစေရန် အတွက် အစီအမံများချမှတ်နိုင်ခဲ့ပါကြောင်း၊ အာဆီယံ အနေဖြင့် အချက်အချာကျမှုကိုမြှင့်တင်နိုင်ရန် စွမ်းအားများ စုစည်းခဲ့ကြသကဲ့သို့ အများနှင့်သက်ဆိုင်သည့် နိုင်ငံတကာ ကိစ္စရပ်များအပေါ်တွင် ပိုမိုတက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်ဖြေရှင်းနိုင်ရန် ကြိုးပမ်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် ကာလအတွင်း၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အာဆီယံ၏မိတ်ဖက်နိုင်ငံများနှင့်ပါ နီးကပ်စွာပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခွင့်ရရှိခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။




**၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်မည့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဟာဂျီ မိုဟာမက်နာဂျစ်ထံ အာဆီယံဥက္ကဋ္ဌ၏ အဆောင်အယောင်တူငယ်ကို လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)**

လာမည့်နှစ်တွင် ထူထောင်မည့် အာဆီယံအသိုက်အဝန်း သည် အာဆီယံ၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ် ပါကြောင်း၊ အဆိုပါအချိန်သို့ရောက်ရှိပါက အာဆီယံပြည်သူ များသည် အသိုက်အဝန်း၏အကျိုးကို ခံစားကြရမည်ဖြစ် သကဲ့သို့ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ဖြေရှင်းရန်လည်း ပြင်ဆင်ထားကြရမည်ဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် နိုင်ငံရေးအရ စည်းလုံးမှုရှိပြီး စီးပွားရေးအရ အင်အားတောင့်တင်း၍ လူမှုရေးအရ တာဝန် ယူမှုရှိသော ဒေသနှင့်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အသိုက်အဝန်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံမှ ပိုမိုတက်ကြွပြီး တာဝန်ယူမှုရှိသည့် အဖွဲ့ဝင်တစ်ဦးအဖြစ် ဆက်လက်ပါဝင် သွားမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ (၂၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်း အဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့်အချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် ကိုယ်စားလှယ် တော်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ၎င်း၏ ဝန်ထမ်း များ၊ ၂၀၁၄ ခုနှစ် တစ်လျှောက်လုံးတွင် အဘက်ဘက်က ပံ့ပိုးကူညီခဲ့ကြသည့် ဥပဒေပြုအဖွဲ့၊ အစိုးရမဟုတ်သည့် အဖွဲ့များနှင့် လူမှုရေးအဖွဲ့အစည်းများကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ ကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ယူမည့် မလေးရှားနိုင်ငံကို အပြည့်အဝ ထောက်ခံ အားပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား တွင်လည်း အမှတ်တရဖြစ်စရာအချက်များ ရှိကြပါကြောင်း။

၁၉၉၇ ခုနှစ် မလေးရှားနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်အချိန်တွင် မြန်မာနိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး ယင်းနှစ်သည် ၂၀၂၀ ခုနှစ် အာဆီယံမျှော်မှန်းချက်ကို ချမှတ်နိုင်သည့်နှစ်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် မလေးရှားနိုင်ငံ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် ချိန်တွင် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်များကို ချမှတ်နိုင်တော့မည်ဖြစ်ပြီး အာဆီယံအသိုက်အဝန်းထူထောင်မှု သမိုင်းမှတ်တိုင်ကိုလည်း စိုက်ထူနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အားလုံးအနေဖြင့် မလေးရှားနိုင်ငံ၏ အာဆီယံ ဥက္ကဋ္ဌ တာဝန်ယူမှုအောင်မြင်စေရေးအတွက် မလေးရှား အစိုးရနှင့်ပြည်သူများကို ဆုမွန်ကောင်းတောင်းပါကြောင်း နှင့် မိမိကဲ့သို့ ကျန်အာဆီယံနိုင်ငံများကလည်း ဆုတောင်း နေကြမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် အဆွေတော်မလေးရှားဝန်ကြီးချုပ် ဒါတိုဆရီ ဟာဂျီမိုဟာမက် နာဂျစ်ကို ၂၀၁၅ ခုနှစ် အာဆီယံ ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးရန် မဖိတ်ခေါ်ခင်တွင် အဆွေ တော်တို့အားလုံးကို ဆုတောင်းမေတ္တာပေးပို့ပါကြောင်း၊ အာဆီယံအဖွဲ့၏ အောင်မြင်ရေးကို ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၅ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်မည့် မလေးရှား နိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဟာဂျီ မိုဟာမက်နာဂျစ်ထံ အာဆီယံဥက္ကဋ္ဌ၏ အဆောင်အယောင်တူငယ်ကို လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ၂၀၁၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဟာဂျီ မိုဟာမက် နာဂျစ်က အမှာစကားပြောကြားပြီး မလေးရှားနိုင်ငံ၏ အာဆီယံ ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်မည့် မှတ်တမ်းတင်ဗီဒီယိုကို ပြသ၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

မလေးရှားဝန်ကြီးချုပ်က ပြောကြားရာတွင် ရွှေနိုင်ငံဖြစ် သော မြန်မာနိုင်ငံတွင် ယခုကဲ့သို့ အာဆီယံဥက္ကဋ္ဌတာဝန် ပြီးဆုံးသည့် အထိမ်းအမှတ်အခမ်းအနား၌ စကားပြောခွင့်ရ သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံသည် ပထမဦးဆုံးအကြိမ်အဖြစ် အာဆီယံတာဝန်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ တာဝန် ထမ်းဆောင်စဉ်ကာလအတွင်း အရှေ့တောင်အာရှနိုင်ငံ များ၏ ယဉ်ကျေးမှုကို အကောင်းဆုံးပြသနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အောင်မြင်စွာ ထမ်းဆောင် နိုင်စွမ်းရှိမှုအပေါ် အသိအမှတ်ပြုပါကြောင်းနှင့် နေပြည်တော် ကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့ခြင်းသည် အောင်မြင်မှု တစ်ရပ်ဖြစ်ပါကြောင်း။

၂၀၁၅ ရည်မှန်းချက်အထမြောက်အောင်မြင်အောင် ကြိုးပမ်းရာတွင် ပဋိပက္ခများကို ဖြေရှင်းရင်းကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ စစ်မှန်သည့် ပြည်သူဗဟိုပြု အာဆီယံ ဖြစ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါ ကြောင်း၊ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ခရီးဆုံးနီးပါးအထိ ဆောင်ရွက်ပေး နိုင်ခဲ့ပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသမီးများကဏ္ဍ ယခုထက်ပိုမြှင့်တင်

**နေပြည်တော် နိုဝင်ဘာ ၁၃**

အသေးစားနှင့် အလတ်စားစီးပွား ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရအပိုင်းက ပံ့ပိုးကူညီဆောင်ရွက် ပေးရန်၊ လူငယ်စွန့်ဦးတီထွင် စီးပွားရေး လုပ်ငန်းရှင်များအား အလေးထား အားပေးဆောင်ရွက်ရေးနှင့် စီးပွားရေး လုပ်ငန်းများတွင် အမျိုးသမီးများ၏ ကဏ္ဍကို ယခုထက်ပိုမိုမြှင့်တင်ရန်ဟူ သည့် ဆွေးနွေးပွဲရလဒ် (၃)ချက်ကို ယနေ့ညနေပိုင်းတွင် အာဆီယံနိုင်ငံ ခေါင်းဆောင်များနှင့် အာဆီယံစီးပွား ရေးအကြံပေးကောင်စီအဖွဲ့ဝင်များ တွေ့ဆုံစဉ် တင်ပြသွားမည်ဖြစ်သည်။

နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ အာဆီယံစီးပွားရေးအကြံပေး ကောင်စီဥက္ကဋ္ဌ ဦးဝင်းအောင်က နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ မီဒီယာများနှင့် တွေ့ဆုံစဉ် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာတစ်နိုင်ငံတည်း အနေဖြင့် တင်ပြခြင်းမဟုတ်ဘဲ အာဆီယံဒေသတစ်ခုလုံးအနေဖြင့် တင်ပြခြင်းဖြစ်ကြောင်းကို "အားလုံးက တင်ပြသင့်တယ်လို့ ဆုံးဖြတ်ပြီးတင်ပြ တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက် ပြောပြသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံစီးပွား ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီး အစည်းအဝေးအပေါ် အာဆီယံစီးပွား ရေးအကြံပေးကောင်စီအဖွဲ့ဝင် မြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးဝေဖြိုးက "နိုင်ငံတိုင်းမှာ အကြီးစားလုပ်ငန်းတွေလည်း ရှိကြပါ တယ်။ သူ့အတိုင်းအတာနဲ့သူ ပြင်ဆင် ထားပြီးတဲ့ အခြေအနေတွေရှိတယ်။ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ ကတော့ အာဆီယံစီးပွားရေး အသိုက် အဝန်းအတွက် ပြင်ဆင်မှုအားနည်းနေ တယ်။ မရှိသလောက်ဖြစ်တယ်။ ဘယ်လို ယှဉ်ပြိုင်မလဲဆိုတာကို တိတိ ကျကျပြတ်ပြတ်သားသားနားမလည် ကြဘူး။ ယှဉ်ပြိုင်မှုတွေကိုပဲ ကြည့်နေ လို့မရဘူး။ အခွင့်အလမ်းတွေကလည်း အများကြီးလာမယ်။ အဲဒါကိုယူတတ်ရ မယ်။ အစိုးရတွေက ကိုယ့်ပြည်တွင်းမှာ ခိုင်မာအောင်၊ အာဆီယံဒေသတွင်း အထိလုပ်နိုင်အောင် ပံ့ပိုးကူညီဖို့ လိုလိမ့်မယ်" ဟု ပြောသည်။

အာဆီယံစီးပွားရေးနှင့် ရင်းနှီး မြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲ(ABIS) သည် ၂၀၀၃ ခုနှစ်မှ စတင် ကျင်းပခဲ့ပြီး အာဆီယံစီးပွားရေးကောင်စီမှ ဒေသတွင်း စီးပွားရေးတိုးတက်ရန်အတွက် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများထံမှ အသံကို ထုတ်ဖော်ပေးရန်ရည်ရွယ်၍ နှစ်စဉ် ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲဖြစ် သည်။ **(နန္ဒာဝင်း)**

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက်အိုဘားမားတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

☆ **မြန်မာနိုင်ငံမှ**

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးခင်ရီ၊ ဦးရဲထွဋ်၊ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စုသမ္မတနှင့်အတူ အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ မစ္စစူစန်ရိုက်၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်နှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာသော မီဒီယာများအား ခေါင်းဆောင်နှစ်ဦးက နှစ်နိုင်ငံဆွေးနွေးချက်များကို အကျဉ်းချုပ်ရှင်းလင်းပြောကြားခဲ့ကြသည်။

ထိုကဲ့သို့ပြောကြားရာတွင် နိုင်ငံတော်သမ္မတက သမ္မတအိုဘားမား မြန်မာနိုင်ငံသို့ နှစ်ကြိမ်လာရောက်လည်ပတ်ခြင်းသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် ထောက်ခံမှုကိုပြသခြင်းဖြစ်သည့်အတွက် မြန်မာပြည်သူများက ကျေးဇူးတင်ရှိကြောင်း၊ သမ္မတအိုဘားမားက မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး အသိအမှတ်ပြုသကဲ့သို့ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းအကြံပြုခဲ့ကြောင်း၊ အကြံပြုချက်အချို့မှာ မိမိတို့ စတင်လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များဖြစ်ပြီး ကျန်အကြံပြုချက်များကိုလည်း အခြေအနေ၊ အချိန်အခါပေါ်မူတည်၍ အဆင့်ဆင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတ အိုဘားမားကလည်း ဆွေးနွေးခဲ့သည့်အကြောင်းအရာများနှင့် ၎င်း၏ အကြံပြုချက်များကို အကျဉ်းချုပ်ရှင်းပြပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် တစ်သမတ်တည်း၊ မျဉ်းဖြောင့်တစ်ကြောင်းတည်း မရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆက်လုပ်ရမည့်လုပ်ငန်းများရှိနေဆဲဖြစ်ကြောင်း၊ သို့သော် အောင်မြင်မှုများရရှိထားပြီး ဆက်လက်ဆောင်ရွက်ရန်လည်း ဆုံးဖြတ်ထားသည်ကို တွေ့ရကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာအိုဘားမားသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ အလုပ်သဘောခရီးလည်ပတ်ရန် ရောက်ရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးညှိနှိုင်းခန်းမ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့သည်။

ထို့ပြင် ၂၀၁၃ ခုနှစ် မေ ၁၇ ရက်မှ ၂၃ ရက်အထိ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သော နိုင်ငံတော်သမ္မတ၏ အလုပ်သဘောခရီးစဉ်အတွင်း မေ ၂၀ ရက်ကလည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် သမ္မတ မစ္စတာ အိုဘားမားတို့သည် ဝါရှင်တန်ရှိ အိမ်ဖြူတော်၌ တွေ့ဆုံခဲ့ကြသည်။

နေပြည်တော်၌ ယခုအကြိမ် တွေ့ဆုံမှုသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် သမ္မတ မစ္စတာ အိုဘားမားတို့၏ ပထမဆုံးအကြိမ်တွေ့ဆုံမှုဖြစ်သည်။

**(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အရှေ့အာရှထိပ်သီးအစည်းအဝေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေး၊ အာဆီယံ၏ အချက်အချာကျမှုထိန်းသိမ်းရေး၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို စုပေါင်းကိုင်တွယ်ဖြေရှင်းသွားရေး၊ အာရှ-ပစိဖိတ် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသဆိုင်ရာ ပေါင်းစည်းမှုခိုင်မာစေရန် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်။

ထို့ပြင် အရှေ့အာရှထိပ်သီးအစည်းအဝေးလုပ်ငန်းစဉ်အပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေး ပိုမိုခိုင်မာစေရေးအတွက် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးစီမံခန့်ခွဲမှုနှင့် ကူးစက်ပြန့်ပွားတတ်သော ရောဂါများ စသည့် ကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိပ်သီးအစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့အား မြန်မာနိုင်ငံ၏ အထူးဧည့်သည်များအဖြစ် ဖိတ်ခေါ်၍ ဒေသငြိမ်းချမ်းတည်ငြိမ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အရှေ့အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင်များအကြား အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ ပေးစာတစ်စောင်ပေးပို့

***နေပြည်တော် နိုဝင်ဘာ ၁၃***

*ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။*

*အဆိုပါ သတင်းစာရှင်းလင်းပွဲနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံသို့ ယနေ့ရက်စွဲဖြင့် ပေးစာတစ်စောင် ပေးပို့ထားကြောင်း သိရသည်။*

*အဆိုပါ ပေးစာတွင် "သတင်းစာရှင်းလင်းပွဲ၌ ရိုဟင်ဂျာဆိုသည့် စကားလုံးကို သုံးစွဲခဲ့ခြင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း၊ မိမိအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လူနည်းစုများ၏ အခွင့်အရေးအတွက် အလေးထားမှုကို နားလည်နိုင်သော်လည်း အတွင်းရေးမှူးချုပ်၏ မြင့်မားသည့်ရာထူးတာဝန်ကြောင့် အဆိုပါစကားလုံးကို သုံးစွဲမှုသည် နှစ်ဖက်အသိုက်အဝန်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လက်တွေ့ဆောင်ရွက်နေရသည့် မိမိတို့၏ လုပ်ငန်းများအပေါ် ထိခိုက်စေကြောင်း။*

*ထိုစကားလုံးကို အသုံးပြုခဲ့သည့်အတွက် ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ကွဲပြားမှုများကို ပိုမိုကျယ်ပြန့်စေသည်သာမက မြန်မာပြည်သူများနှင့် နိုင်ငံတကာအသိုက်အဝန်းကြားတွင်လည်း နားလည်မှုလွဲမှားစေနိုင်ကြောင်း။*

*နိုင်ငံတကာအဖွဲ့အစည်းများက ရိုဟင်ဂျာဆိုသည့် စကားလုံးကို အသုံးပြုရန် အဆက်မပြတ်ကြိုးစားခြင်းသည် ရခိုင်ပြည်နယ်အတွက် လိုအပ်သောအကူအညီများကို ပေးအပ်နေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် MSF ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ဒေသခံများ၏ သံသယရှိမှုကို ပိုမိုကြီးမားစေမည်ဖြစ်ကြောင်း။*

*မိမိတို့အနေဖြင့် အသိုက်အဝန်းနှစ်ခုလုံး၏ အခွင့်အရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးကိုသာ ဦးစားပေးဆောင်ရွက်သင့်ပြီး နှစ်ဖက်အကြားခွဲခြားခြားနားမှုကို တိုးပွားစေမည့် လုပ်ရပ်များအား ရှောင်ရှားသင့်ကြောင်း။*

*မိမိ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ အသိုက်အဝန်းနှစ်ခုအကြား အပြန်အလှန်နားလည်မှု တည်ဆောက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ဒေသခံရခိုင်တိုင်းရင်းသားများက ယုံကြည်မှုရှိလာစေရန် ဆောင်ရွက်လျက်ရှိကြောင်း။*

*ထိုအခြေအနေတွင် အတွင်းရေးမှူးချုပ်၏ ပြောကြားချက်သည် မိမိတို့ရရှိထားသည့် အောင်မြင်မှုများကို ပျက်ပြားစေပြီး ဒေသခံများ၏ ခံစားချက်များအပေါ်လည်း အကျိုးသက်ရောက်သွားမည်ကို စိုးရိမ်မိကြောင်း စသည်ဖြင့် ဖော်ပြထားသည်။* ***(သတင်းစဉ်)***

# နယူးဇီလန်၊ ဩစတြေးလျနှင့် ရုရှားဝန်ကြီးချုပ်များ ပြန်လည်ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်၌ ကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် ဂျွန်ကီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် တိုနီအဲ့ဘော့တ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင်လည်းကောင်း နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ်များနှင့် အဖွဲ့များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့ပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းသည် ယနေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

❒

# အာဆီယံ(၈)နိုင်ငံမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ ပြန်လည်ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် ယနေ့ညပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် အဖွဲ့များအား ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# အရှေ့အာရှထိပ်သီးအစည်းအဝေး၏ အရေးပါမှု၊ ဦးတည်ချက်နှင့် အနာဂတ်အလားအလာများ

အရှေ့အာရှထိပ်သီးအစည်းအဝေးသည် ဒေသတွင်းတွင်ရှိသည့် ပြည်သူများ၏ အကျိုးစီးပွားနှင့် စိုးရိမ်မှုများကို ဆွေးနွေးအဖြေရှာရာတွင် မဟာဗျူဟာကျသည့် ထိပ်သီးအစည်းအဝေးဖြစ်ပြီး အရှေ့အာရှဒေသတွင်း အေးချမ်းမှု၊ တည်ငြိမ်မှုနှင့် ကြွယ်ဝမှုများကိုထိန်းသိမ်းရာတွင် လွန်စွာအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

အာဆီယံဒေသသည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်နေထိုင်လျက်ရှိပြီး ကမ္ဘာ့အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)၏ ၅၀ ရာခိုင်နှုန်းကျော်ရှိသဖြင့် အရှေ့အာရှထိပ်သီးအစည်းအဝေး၏ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း စီးပွားရေးအခြေအနေကို ပိုမိုကြံ့ခိုင်စေပြီး ပြည်သူများ၏ ကောင်းကျိုးချမ်းသာကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုလျက်ရှိသည်။

(၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ အာဆီယံခေါင်းဆောင်များနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြပြီး နိုင်ငံ့ခေါင်းဆောင်များက ဘဏ္ဍာရေး၊ သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်၊ ပညာရေး၊ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးကိစ္စရပ်များနှင့် ကူးစက်မြန်ရောဂါများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုများနှင့် အာဆီယံ ဆက်သွယ်ပေါင်းစည်းမှုဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည့်အပြင် ရာသီဥတုပြောင်းလဲမှုများ၊ သဘာဝဘေး စီမံခန့်ခွဲရေးနှင့် အီဘိုလာရောဂါကိစ္စများနှင့် စပ်လျဉ်းသည့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း အလေးထားဆွေးနွေးခဲ့ကြသည်။

အရှေ့အာရှထိပ်သီးအစည်းအဝေးကို ဒေသအပေါ်အကျိုးသက်ရောက်မှုရှိသည့် မဟာဗျူဟာကျသောကိစ္စများကို ဆွေးနွေးသည့် အဓိကဖိုရမ်တစ်ခုအဖြစ် ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ပြီး အရှေ့အာရှထိပ်သီးအစည်းအဝေးတက်ရောက်သည့် နိုင်ငံများအနေဖြင့် အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် အာဆီယံ အသိုက်အဝန်း တည်ဆောက်ရေးကိစ္စရပ်များကိုပါ ပံ့ပိုးကူညီရန် သဘောတူညီမှုရရှိခဲ့သည်။

(၉)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးမှ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်မှုကို တိုက်ဖျက်ခြင်းဆိုင်ရာ ကြေညာစာတမ်းနှင့် အီဘိုလာရောဂါဖြစ်ပွားမှုကို တုံ့ပြန်သည့် ကြေညာချက်များကို အတည်ပြုထုတ်ပြန်နိုင်ခဲ့သည့်အပြင် အီရတ်နှင့် ဆီးရီးယားတွင်ရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၊ အစွန်းရောက်အခြေခံဝါဒီများ၏ အကြမ်းဖက်မှုလုပ်ရပ်များနှင့် ပတ်သက်ပြီး ကြေညာချက်ထုတ်ပြန်နိုင်ခဲ့သည်။

(၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်၊ သားရဲတိရစ္ဆာန်များမှောင်ခိုကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အရှေ့အာရှထိပ်သီးအစည်းအဝေးကြေညာချက်၊ သဘာဝဘေးအန္တရာယ်များ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်ရေး လမ်းညွှန်ချက်များအပေါ် အရှေ့အာရှထိပ်သီးအစည်းအဝေးထုတ်ပြန်ချက်၊ အရှေ့အာရှထိပ်သီးအစည်းအဝေးပူးတွဲထုတ်ပြန်ချက်/ အီဘိုလာရောဂါ ကူးစက်ပြန့်ပွားမှုအပေါ် ဒေသတွင်းတိုက်ဖျက်ရေးဆိုင်ရာ (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးထုတ်ပြန်ချက်နှင့် အီရတ်၊ ဆီးရီးယားတွင် အကြမ်းဖက်သမားများ/ အစွန်းရောက်အဖွဲ့အစည်းများမှ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှု/ ညှဉ်းပန်းနှိပ်စက်မှု တိုးမြင့်လာမှုအပေါ် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးကြေညာချက်၊ ဒေသတွင်း ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကြေညာချက်၊ သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး (၉)ကြိမ်မြောက် အရှေ့အာရှဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ အယူအဆစာတမ်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုင်ရာ အာရှ-ပစိဖိတ်ခေါင်းဆောင်များ၏ မဟာမိတ်အစီအစဉ်၊ စားနပ်ရိက္ခာဖူလုံ၊ လုံခြုံရေးနှင့် သားငါးကဏ္ဍစီမံခန့်ခွဲရေး တိုးမြှင့်မှုအပေါ် လမ်းကြောင်း(၂)ဖြင့် အရှေ့အာရှလေ့လာရေးအဖွဲ့၏ အစီရင်ခံစာ၊ ဒေသတွင်းလုံခြုံရေးမူဘောင် အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ တတိယအကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးအစီရင်ခံစာ၊ အရှေ့အာရှထိပ်သီးအစည်းအဝေး တိုးတက်မှုအစီရင်ခံစာတို့ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့သည်။

အရှေ့အာရှထိပ်သီးအစည်းအဝေးသည် အာဆီယံဒေသတွင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ အချင်းချင်း အပြန်အလှန် အကျိုးသက်ရောက်စေလျက်ရှိသောကြောင့် အာဆီယံဒေသတွင်းနိုင်ငံများသည် မိတ်ဖက်နိုင်ငံများမှ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာများဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှိစေနိုင်ပြီး မိတ်ဖက်နိုင်ငံများကလည်း ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်သစ်များ ချဲ့ထွင်နိုင်မည်ဖြစ်မည့်အပြင် ကမ္ဘာလုံးဆိုင်ရာ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုများကို ဖွံ့ဖြိုးခိုင်မာစေလျက်ရှိသည်။

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူပြီး (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကြီးကို ယခုဆိုလျှင် အောင်မြင်စွာလက်ခံကျင်းပပြီးစီးခဲ့ပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကို မလေးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့သောကြောင့် လာမည့် (၁၀)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အရေး - ထွန်းဝင်းနိုင်၊ မိုးသူဇာစိုး၊ ဟန်နီဝင်း

## ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီး
## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ဂျပန်ဘာသာစာအုပ်များ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ဇနီး Madam Akie ABE ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ရောက်ရှိလာရာ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် မာလ်တီမီဒီယာခန်းမ၌ ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဧည့်သည်တော် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်ဘာသာစာအုပ် ၅၀ ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ပေးအပ်လှူဒါန်းရာ ဂျပန်ဘာသာဝိဇ္ဇာဘွဲ့ကြို တတိယနှစ်ကျောင်းသူ မစန္ဒီဘုန်းနိုင်က လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့် ဂျပန်ဘာသာအထူးပြုကျောင်းသား ကျောင်းသူများ စကားဝိုင်းဖွဲ့ဆွေးနွေးကြသည်။

ယင်းနောက် ဧည့်သည်တော် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီးနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်တို့က အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**



ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ဇနီး Madam Akie ABE ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ဂျပန်ဘာသာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## အာဆီယံနိုင်ငံများ၏ ပထမဦးဆုံး
## အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန
## ရန်ကုန်မြို့တွင် စတင်တည်ထောင်

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့် မြန်မာနိုင်ငံက ဦးဆောင်ဦးရွက်ပြုကာ အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန (ASEAN Institute for Green Economy) ကို အာဆီယံနိုင်ငံများ၏ အပြည့်အဝထောက်ခံမှုဖြင့် ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

အဆိုပါ အာဆီယံစီးပွားရေးဗဟိုဌာနသည် အာဆီယံနိုင်ငံများနှင့်သာမက အခြားနိုင်ငံများနှင့်ပါ ရာသီဥတုနှင့် လိုက်လျောမှုရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာများအပေါ် သုတေသနလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ယင်းဗဟိုဌာန စတင်ဖွင့်လှစ်ခြင်းအခမ်းအနားမှ သိရသည်။ **(မိုးသူ)**

# အာဆီယံ အပေါင်းသုံးနိုင်ငံများနှင့် ပတ်သက်၍




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်(၁၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေး တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

နေပြည်တော်တွင် ကျင်းပလျက်ရှိသည့် အာဆီယံထိပ်သီးအစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားတို့၏ထိပ်သီးဆွေးနွေးပွဲလည်း အပါအဝင်ဖြစ်သည်။

အဆိုပါ အာဆီယံအပေါင်းသုံးနိုင်ငံသည် အာဆီယံ၏မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံ ( Strategic Partners ) များဖြစ်ကြပြီး အာဆီယံဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေကြသည့် နိုင်ငံများဖြစ်သည်။ ယင်းအာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရှေ့အာရှ အသိုက်အဝန်းထူထောင်ရေးတွင် ပင်မယန္တရားဖြစ်သည့်အတွက် အာဆီယံ၏အချက်အချာကျမှုများကို ထိန်းသိမ်းကြရမည်ဖြစ်သည်။

အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံသုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုအောက်ရှိအရှေ့အာရှဖိုရမ်၊ အရှေ့အာရှတတ်သိပညာရှင်များကွန်ရက်များသည်ပင် အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံ၏ တူညီသည့်ရည်မှန်းချက်များအပေါ်တွင် ပါဝင်ဆွေးနွေးနိုင်သည်အထိ တိုးတက်လျက်ရှိသည်။

အာဆီယံဦးဆောင်သည့် အရှေ့အာရှထိပ်သီး အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဖိုရမ်၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏အစည်းအဝေးရလဒ်များကို ထိရောက်စွာ အကျိုးရှိရှိအသုံးပြုခြင်းဖြင့် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကိုပိုမိုခိုင်မာစေမည်ဖြစ်သည်။

အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ မဟာမိတ်ဆက်ဆံမှု ခိုင်မာရှင်သန်ရေးသည် အရှေ့အာရှဒေသ ငြိမ်းချမ်းလုံခြုံကြွယ်ဝရေးနှင့် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်မှုတွင် အရေးပါအရာရောက်သည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ၏ အတိတ်သမိုင်းကို ပြန်လည်ရှုမြင်ရလျှင်အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို လွန်ခဲ့သည့် ၁၉၉၇ ခုနှစ် ဒီဇင်ဘာကတည်းကစတင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးဆွေးနွေးပွဲတွင် အရှေ့အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်ကြေညာခဲ့ကာ နယ်ပယ်စုံ အဆင့်စုံကဏ္ဍများတွင် အရှေ့အာရှ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုမြှင့်တင်ရန်ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါနယ်ပယ်စုံများတွင် အဓိကအားဖြင့် စွမ်းအင်၊ ပို့ဆောင်ရေး၊ သတင်းနှင့်ဆက်သွယ်ရေး နည်းပညာကဏ္ဍများပါဝင်သည်။ အာဆီယံအနေဖြင့် စွမ်းအင်ဖူလုံရေး၊ သဘာဝဓာတ်ငွေ့ဖွံ့ဖြိုးတိုးတက်ရေး၊ ရေနံဈေးကွက်လေ့လာရေး၊ ရေနံစုဆောင်းရောင်းဝယ်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စသည့်ကဏ္ဍများတွင် အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများအကြား မိတ်ဖက်နိုင်ငံများအဖြစ်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

အာဆီယံအပေါင်းသုံး နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုအချို့ကိုတင်ပြရမည်ဆိုလျှင် ၂၀၀၂ ခုနှစ် နိုဝင်ဘာတွင် အာဆီယံနှင့် တရုတ်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့ပြီး ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့အတူ ၂၀၀၃ ခုနှစ် အောက်တိုဘာတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် အစည်းအဝေးတွင်လည်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

၂၀၀၅ ခုနှစ် မေလတွင် အာဆီယံနှင့်တရုတ်သတင်းအချက်အလက်နှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖြစ် ပေကျင်းကြေညာချက်တွင် သတင်းအချက်အလက်နှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကတိကဝတ်များကို ချမှတ်ခဲ့သည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပခဲ့သည့် အာဆီယံနှင့် ဂျပန် ထိပ်သီးအစည်းအဝေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေခံမြှင့်တင်ရေးရည်မှန်းချက်များနှင့်အညီ စွမ်းအင်ဖူလုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်။

အာဆီယံနှင့် ကိုရီးယား ကြိုတင်ပြင်ဆင်လေ့လာချက်များအရ အာဆီယံအဝေးပြေးလမ်းမကြီးကွန်ရက် စီမံကိန်းဆိုင်ရာ အာဆီယံအဝေးပြေးလမ်းမကြီး အချက်အလက်များနှင့် အဝေးပြေးလမ်းမကြီးဖြစ်နိုင်ခြေတိုင်းတာလေ့လာမှုပြင်ဆင်ရေးတွင် ကိုရီးယားနိုင်ငံက အကူအညီပေးမည်ဖြစ်သည်။

(၁၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံးထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် မြန်မာနိုင်ငံနေပြည်တော်၌ ကျင်းပပြီး အာဆီယံအပေါင်းသုံး နိုင်ငံများမှ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အာဆီယံအပေါင်းသုံး ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အနာဂတ် မျှော်မှန်းချက်များနှင့် အခြားကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းဇော်၊**
**အောင်နိုင် (သတင်းစဉ်)**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာမီဒီယာများနှင့်တွေ့ဆုံ သတင်းစာရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်တွင် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်လျက်ရှိသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းသည် ယနေ့ ညနေပိုင်းတွင် မြန်မာမီဒီယာများနှင့် တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ ၎င်းဖြေကြားရာတွင် UNHCR ရုံးဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ လူ့အခွင့်အရေးနှင့် လူသားဂုဏ်သိက္ခာလေးစားခံရရေးအတွက် လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများစွာရှိနေစဉ်တွင် လူ့အခွင့်အရေးကာကွယ်ရေးသည် ကုလသမဂ္ဂ၏ အရေးကြီးဆုံးမဏ္ဍိုင်များထဲမှ တစ်ခုဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် UNHCRရုံးကို ဖွင့်ခွင့်ပြုရေးသည် အရေးကြီးသောကြောင့် မိမိအနေဖြင့် ထိုကိစ္စကို သမ္မတဦးသိန်းစိန်နှင့် လွှတ်တော်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း၊ ယင်းကိစ္စအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးပြီး ရုံးကိုဖွင့်ခွင့်ပြုမည်ဟု မိမိမျှော်လင့်ကြောင်း။



စည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် ရရှိရန်နှင့် လူ့အခွင့်အရေးများကို အပြည့်အဝခံစားရရှိရေးနှင့် တွေ့ကြုံရသော အခက်အခဲများကိုကျော်လွှားနိုင်ရေး၊ လူသားချင်းစာနာထောက်ထားရေး အထောက်အပံ့နှင့် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများရရှိရန်အတွက် ကုလသမဂ္ဂကထောက်ခံအားပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးအေဂျင်စီ လာရောက်နိုင်ရန် အာမခံချက် အပြည့်အဝပေးရန်လိုကြောင်း၊ လူသားချင်းစာနာထောက်ထားရေးလုပ်သားများ အလုပ်လုပ်ကိုင်နိုင်ရန် ပြဿနာတစ်ခုမှာ လုံခြုံရေးဖြစ်ကြောင်း၊ မိမိတို့တွင် အရင်းအမြစ်များရှိပြီး နှစ်ဖက်လူ့အဖွဲ့အစည်းများအကြား မတူညီသောအမြင်များကို အကြမ်းဖက်နည်းများကိုရှောင်ရှားကာ ငြိမ်းချမ်းညီညွတ်စွာ ကိုင်တွယ်ဖြေရှင်းသင့်ပါကြောင်း၊ ယင်းပြဿနာများသည် နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးအဖြေရှာခြင်းဖြင့် ဖြေရှင်းသင့်ကြောင်း၊ ယင်းအတွက် မိမိ၏ အထူးအကြံပေး မစ္စတာ နမ်ဘီးယားကို မြန်မာနိုင်ငံသို့စေလွှတ်ကာ အစိုးရအဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးစေခဲ့ကြောင်း၊ လူနည်းစုကို ခွဲခြားဆက်ဆံခြင်းမရှိဘဲ ပြည်သူအားလုံး၏ အနာဂတ်နှင့် ကြွယ်ဝမှုအတွက် ထောက်ပံ့အားပေးရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ပြန်လည်ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်၌ ကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည(၈)နာရီခွဲတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် သမ္မတနှင့်အဖွဲ့အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

နေပြည်တော်၌ ကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အတူ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဝင်း၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအတွင်းရေးမှူးဒေါ်ဒွဲဘူ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးကျော်တင်၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ဖြစ်ထွန်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးခင်မင်စွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၃

**ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးတို့က သုံးသပ်ဆွေးနွေးကြသည်။**

အစည်းအဝေးတွင် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က ဥပဒေတစ်ရပ်သည် အမြဲတမ်းခိုင်မာပြည့်စုံမှန်ကန်နေမည် မဟုတ်ဘဲ အခြေအနေ အချိန်အခါအပေါ် မူတည်၍ လက်ရှိအခြေအနေနှင့် မဆီလျော် မကိုက်ညီတော့သည့် အချက်များ၊ ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ လူမှုရေး၊ စသည်တို့နှင့် အံမဝင်ခွင်မကျမှုများကို သင့်လျော်သည့် အချိန်တွင် သင့်တော်သလို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများအနေဖြင့် ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်ရမည်ဆိုပါက ဒီမိုကရေစီစနစ်မှာ ပို၍ထွန်းကားလာမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ပိုမိုရရှိပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားသည့်ဖက်ဒရယ်စနစ်၏ အခြေခံကောင်းကို ရရှိမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်းက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး လမ်းကြောင်းပေါ်သို့ ပို့ဆောင်ခဲ့ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးကို အမှန်တကယ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တည်ဆဲဥပဒေများကစပြီး ပြောင်းလဲသင့်သည်များကို ဦးစားပေးပြောင်းလဲရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ



ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း

ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ပြင်ဆင်မည်ဆိုပါက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၇၅)ရာခိုင်နှုန်းကျော်၏ ထောက်ခံမှုရရှိရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ် (၇၅)ရာခိုင်နှုန်းသာရှိသည့်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ထောက်ခံရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ၄၃၆ (က)နှင့် အကျုံးဝင်သည့် ပုဒ်မများဆိုလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လုပ်ရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်က လူထုအုပ်ချုပ်ရေးစနစ် ပေါ်လွင်လာစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြဋ္ဌာန်းသွားနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ရေးဆွဲသင့်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးတရားကို မျှတစွာကာကွယ်ဆောင်ရွက်ပေးနိုင်ရန် လက်တွေ့မှန်ကန်စွာ ကျင့်သုံးနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် ၁၄၆ ဦး ရှိကြောင်းနှင့် နိုဝင်ဘာ ၂၅ ရက်တွင် ဆွေးနွေးမှုအားလုံးပြီးစီးရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အာဆီယံတွင် ခရီးသွားလုပ်ငန်းသည် အလျင်မြန်ဆုံးကြီးထွားလာသည့် ကဏ္ဍဖြစ်လာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

အာဆီယံဒေသတွင်းနိုင်ငံများတွင် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသည် ဒေသတွင်း ခရီးသွားဝင်ရောက်မှု အများဆုံးဖြစ်သည်။ အာဆီယံအသိုက်အဝန်းအနေဖြင့်လည်း ၂၀၁၃ ခုနှစ်တွင် အလည်အပတ်လာရောက်သူ သန်း ၉၀ ရှိပြီး ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သိရှိရသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ဒေသတွင်းနိုင်ငံများမှ ထိုင်းနိုင်ငံသည် နိုင်ငံတကာလေယာဉ် ဆိုက်ရောက်မှုအများဆုံး ၁၀ နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများတွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအများဆုံးရရှိသောနိုင်ငံဖြစ်ပြီး ခရီးသွားလုပ်ငန်းမှ ပြီးခဲ့သော ၂၀၁၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံရရှိကြောင်း သိရသည်။

UN World Travel Organisation Tourism ၏ ဖော်ပြချက်အရ ဒေသတွင်းမြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် အလည်အပတ်လာရောက်သူ ၅၉၃၀၀၀ ရှိရာမှ ၂၀၁၃ ခုနှစ်တွင် လာရောက်လည်ပတ်သူ ၉၀၀၀၀၀ အထိ တိုးတက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၅၁ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံကို ယခုအခါ နိုင်ငံတကာ ဟိုတယ်လုပ်ငန်းစုကြီးများဖြစ်သည့် Accor Group၊ Shangri-La Group နှင့် Pan Pacific Group အစရှိသည့် ဟိုတယ်လုပ်ငန်းများမှလည်း စိတ်ဝင်စားလျက်ရှိပြီး Hiltonမှလည်း Hilton နေပြည်တော်ကို နေပြည်တော်တွင် ဖွင့်လှစ်ထားပြီး ပုဂံ၊ မန္တလေးနှင့် အင်းလေးဒေသများတွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၅ အလွန် အာဆီယံအသိုက်အဝန်း ဆောင်ရွက်ရာတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းသည် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်လာမည်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားအချင်းချင်း ဆက်သွယ်မှုကို တိုးတက်စေနိုင်သည်။ **ဟန်နီဝင်း**



**ကျောက်ပန်းတောင်းမြို့နယ် ကြပ်တွင်းကန်ကျေးရွာ လေးလက်မစက်ရေတွင်းဟောင်း ပြုပြင်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၀ သိန်းအကုန်အကျခံ၍ နိုဝင်ဘာ ၂ ရက်က စက်ရေတွင်းဆေးခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီး၍ ရေကောင်းရေသန့်များ လှိုင်လှိုင်ထွက်နေသည်ကို တွေ့ရစဉ်။** (ကြေးမုံ)




### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကရင်ပြည်နယ်အစိုးရအဖွဲ့
### လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကရင်ပြည်နယ်အတွင်းရှိ မြို့ပြလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတိုးချဲ့တည်ဆောက်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၁၅-၁၁-၂၀၁၄)
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့။
တင်ဒါပိတ်ရက်နှင့်အချိန် - ၃၀-၁၁-၂၀၁၄ ရက် ညနေ(၁၆း၀၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့။
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၂-၁၂-၂၀၁၄ ရက် နံနက်(၁၀း၀၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့။

၃။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း- ၀၉-၈၇၃၁၆၀၅နှင့် ကရင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၅၈-၂၁၆၁၁၊ ၀၅၈-၂၁၁၀၅၊ ၀၉-၅၆၆၂၁၆၁၊ ၀၉-၅၆၆၂၁၆၃ သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

# အာဆီယံနှင့် အိန္ဒိယတို့အကြား လင်းလက်လျက်ရှိသည့် အနာဂတ်များ

ထွန်းဝင်းနိုင်၊ မိုးသူဇာစိုး၊ ဟန်နီဝင်း




အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် အာဆီယံ-အိန္ဒိယမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမူဘောင်အတွင်းတွင်ရှိသည့် အိန္ဒိယ၏ "အရှေ့မျှော်ဝါဒ"သည် အာဆီယံ-အိန္ဒိယ မဟာဗျူဟာကျသည့်မိတ်ဖက်ပြုမှုနှင့် အာဆီယံအသိုက်အဝန်း တည်ထောင်မှုကို အထောက်အကူပြုလျက်ရှိနေသည်။

ထို့ပြင် အာဆီယံကဦးဆောင်သည့် ယန္တရားများဖြစ်သည့် အာဆီယံဒေသတွင်း ဖိုရမ်၊ အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် အိန္ဒိယ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်အရေးပါပြီး အိန္ဒိယနိုင်ငံသည် ဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုနေသည့် အာဆီယံ၏ မိတ်ဖက်နိုင်ငံလည်းဖြစ်သည်။

ထို့အတူ အာဆီယံ-အိန္ဒိယအကြား နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ၂၀၀၃ခုနှစ်ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်ရေးသည် ပူးပေါင်းဆောင်ရွက်မှုကိုခိုင်မာစေမည်ဖြစ်သလို ပင်လယ်ရေကြောင်း လုံခြုံရေးကိစ္စတွင်လည်း နီးကပ်စွာလုပ်ကိုင်လျက်ရှိသည်။

၂၀၁၂ခုနှစ် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးကချမှတ်ခဲ့သည့် ၂၀၁၅ခုနှစ်တွင် နှစ်ဖက်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံရောက်ရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ပြီး ဒေသတွင်းစီးပွားရေးအလုံးစုံပူးပေါင်းဆောင်ရွက်ကာ အာဆီယံ-အိန္ဒိယလွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်ကို အပြည့်အဝအကောင်အထည်ဖော်လျက်ရှိသည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဆက် အဝေးပြေးလမ်းမကြီးနှင့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့နှင့် တိုးချဲ့ဆက်သွယ်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အာဆီယံနှင့် အိန္ဒိယတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

(၁၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးသည် အိန္ဒိယဝန်ကြီးချုပ်သစ်အဖြစ် တာဝန်ယူပြီးကာလ အာဆီယံ-အိန္ဒိယ ဆက်ဆံရေးတွင် စတင်ပါဝင်လာသော အနေအထားဖြစ်သည့်အပြင် ဝန်ကြီးချုပ်သစ်ခရီးအစအိမ်နီးချင်းမြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ခြင်းလည်းဖြစ်သည်။

(၁၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတွင် ၂၀၁၂ ခုနှစ်က ထုတ်ပြန်နိုင်ခဲ့သော အာဆီယံ-အိန္ဒိယမျှော်မှန်းချက် အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းများအပေါ် ထားရှိခဲ့သည့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုနိုင်ခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ဝါဒအပေါ် အာဆီယံခေါင်းဆောင်များက ညီညွတ်စွာ ကြိုဆိုခဲ့ကြပြီး အာဆီယံအသိုက်အဝန်းထူထောင်ခြင်းလုပ်ငန်းများကို အထောက်အကူ ပြုနိုင်မည့် အာဆီယံ-အိန္ဒိယ မဟာဗျူဟာမိတ်ဖက်ဆက်ဆံမှုကို အသိအမှတ်ပြုခဲ့ကြသည်။

အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းအတွက် လမ်းပြမြေပုံ အကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ အာဆီယံအသိုက်အဝန်းကို ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းတွင် ပါဝင်စေရေး၊ ၂၀၁၅ အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အိန္ဒိယအနေဖြင့် ဆက်လက်ကူညီသွားရန် အာဆီယံနိုင်ငံများက တိုက်တွန်းခဲ့ကြပြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးစီးပွားမျှဝေခံစားနိုင်ရေးအတွက် အာဆီယံ-အိန္ဒိယ လုပ်ငန်းဖော်ဆောင်မှုစီမံချက်အပေါ် အကောင်အထည်ဖော်သည့်လုပ်ငန်းများအတွက် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်နိုင်ငံများအကြား အားရကျေနပ်မှုရရှိခဲ့သည်။

ထို့အတူ ၂၀၀၃ခုနှစ်တွင်ကြေညာခဲ့သည် အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် အရေးကြီးကဏ္ဍအဖြစ် မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုအားကောင်းအောင် ဆောင်ရွက်သွားရန် ကတိကဝတ်ပြုနိုင်ခဲ့သည့်အပြင် ပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာနှင့် အတွေ့အကြုံ မျှဝေခြင်းလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ပေါင်းစည်းဆက်သွယ်မှုလုပ်ငန်းများအပေါ် အာဆီယံ-အိန္ဒိယ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ထို့ပြင် အာဆီယံ-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေးတွင် သမိုင်းမှတ်တိုင်ထူနိုင်မည့် သဘောတူညီချက်နှစ်ရပ်ဖြစ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကို ယခုနှစ် ဩဂုတ်လအတွင်းက ကျင်းပခဲ့သည့် (၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများတွင် ချမှတ်နိုင်ခဲ့သည်။

ယခုနှစ် အောက်တိုဘာလတွင် စတင်နိုင်ခဲ့သော အိန္ဒိယ-မြန်မာ တိုက်ရိုက်ရေကြောင်းကုန်သွယ်မှုနှင့် အတူ အာဆီယံနိုင်ငံများနှင့် ကူးလူးဆက်သွယ်မှုအားကောင်းလာခြင်းဖြင့် အာဆီယံဒေသ၏ ဖွံ့ဖြိုးမှုကွာဟချက်ကို လျှော့ချနိုင်မည်ဖြစ်သည်။ အာဆီယံ-အိန္ဒိယ ပေါင်းစည်းဆက်သွယ်ရေးကဏ္ဍတွင်ပါဝင်သည့် လမ်းတံတားများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှုများ၊ စွန့်ဦးတီထွင်မှုနှင့် လုပ်ငန်းခွင်သင်တန်းများ၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သွားရန်လည်း သဘောတူခဲ့ကြသည်။

ထို့အတူ အာဆီယံခေါင်းဆောင်များက အာဆီယံ-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေးတွင် ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ဗိဇ္ဇာညီနှိုင်းမှုနှင့် မီဒီယာကဏ္ဍစသည့်နယ်ပယ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်ကြမည့်အပြင် အားကစား၊ ကျန်းမာရေးနှင့် လူထုအခြေပြု ရှေးရှုဆောင်ရွက်ခြင်းများတွင် ပူးပေါင်းပါဝင်ရန်၊ စွမ်းအင်နှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဝါဒ၊ အလေ့အကျင့်ကောင်းများ၊ နည်းပညာဖလှယ်မှုများနှင့် လူမှုတာဝန်သိပူးပေါင်းဆောင်ရွက်မှုများအပေါ်အခြေခံ၍ ရေရှည်အသုံးပြုနိုင်မည့် စွမ်းအင်အရင်းအမြစ်များဖြစ်အောင် အလေးထားဆောင်ရွက်ရန်၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ တိုးတက်ထုတ်လုပ်ရေး၊ အထောက်အပံ့ပစ္စည်းများနှင့် ဈေးနှုန်းတည်ငြိမ်ရေးတို့ကို ဆက်လက်ကြိုးပမ်းကြရာတွင် စိုက်ပျိုးရေးနည်းပညာများမျှဝေခြင်းနှင့် အရန်စားနပ်ရိက္ခာရရှိနိုင်မှုများအပေါ် အိန္ဒိယနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို အာဆီယံဒေသတွင်း နိုင်ငံများက ကြိုဆိုအသိအမှတ်ပြုခဲ့ကြသည်။

ထို့ပြင် သဘာဝဘေးစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုများ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအစီအစဉ်များ၊ ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များအပေါ် ပိုမိုအားစိုက်ဆောင်ရွက်သွားကြရန်၊ အထူးသဖြင့် ဒေသတွင်းနိုင်ငံများတွင် နှစ်ဦးနှစ်ဖက်သာမက အများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ထပ်လောင်းကတိပြုခဲ့ကြသည်။

အာဆီယံ-အိန္ဒိယအကြား ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေးအတွက် အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၅ခုနှစ်တွင် အာဆီယံအသိုက်အဝန်း အောင်မြင်စွာပေါ်ပေါက်လာရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သောကြောင့် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့မှ ပြည်သူများအတွက် အနာဂတ်သည် လင်းလက်တောက်ပလျက်ရှိကြောင်းတင်ပြအပ်ပါသည်။ ။

## (၁၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ အစည်းအဝေး ကောက်နုတ်ချက်

(၁၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယအစည်းအဝေးတွင် အာဆီယံ-အိန္ဒိယအကြား နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ၂၀၀၃ ခုနှစ် ပူးတွဲကြေညာချက်အရ ပူးပေါင်းအကောင်အထည်ဖော်ရေး၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံ-အိန္ဒိယ နှစ်ဖက်ကုန်သွယ်မှု အမေရိကန် ဒေါ်လာ ၁၀၀ ဘီလီယံ ရောက်ရှိရေး ရည်မှန်းချက်ပြည့်မီရေး၊ အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံဆက် အဝေးပြေးလမ်းမကြီးနှင့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့ကို တိုးချဲ့ဆက်သွယ်ရေး၊ အာဆီယံနှင့် အိန္ဒိယအကြား စားနပ်ရိက္ခာ လုံခြုံရေးတို့ကို အာဆီယံ ဥက္ကဋ္ဌက ဆွေးနွေးနိုင်ခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီက အိန္ဒိယ၏ အရှေ့မျှော်ဝါဒနှင့်အညီ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ အနာဂတ်အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေး၊ ဒေသတွင်းပေါင်းစည်းရေး၊ ပညာရေး၊ သတင်းအချက်အလက် နည်းပညာနှင့် ကျန်းမာရေး၊ ရာသီဥတု ပြောင်းလဲမှု၊ သဘာဝဘေးစီမံခန့်ခွဲမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း ဆွေးနွေးခဲ့သည်။

အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် အိန္ဒိယနိုင်ငံ၏ ကူညီမှုများ ပါဝင်သည့် ငြိမ်းချမ်းရေး၊ တိုးတက်ရေးနှင့် ကြွယ်ဝမှုမျှဝေခံစားနိုင်ရေးတို့အတွက် အနာဂတ် အစီအမံများကို ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယခုနှစ် အောက်တိုဘာလတွင် စတင်နိုင်ခဲ့သော အိန္ဒိယ-မြန်မာ တိုက်ရိုက်ရေကြောင်း ကုန်သွယ်မှုနှင့်အတူ အာဆီယံနိုင်ငံများနှင့် ကူးလူးဆက်သွယ်ရေးလမ်းကြောင်းများ ပိုမိုတိုးတက်ဆောင်ရွက်သွားမည်ဖြစ်ကာ အာဆီယံဒေသ၏ ဖွံ့ဖြိုးမှုကွာဟချက်ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံ-အိန္ဒိယ ပေါင်းစည်းဆက်သွယ်ရေးကဏ္ဍတွင် ပါဝင်သည့် လမ်းတံတားများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှုများ၊ စွန့်ဦးတီထွင်မှုနှင့်လုပ်ငန်းခွင်သင်တန်းများ၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံ-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေးတွင် ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ဗိဇ္ဇာညှိနှိုင်းမှု နှင့် မီဒီယာကဏ္ဍ စသည့် နယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အားကစား၊ ကျန်းမာရေးနှင့် လူထုအခြေပြု ရှေးရှုဆောင်ရွက်ခြင်းများတွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း။

စွမ်းအင်နှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဝါဒ၊ အလေ့အကျင့်ကောင်းများ၊ နည်းပညာဖလှယ်မှုများနှင့် လူမှုတာဝန်သိပူးပေါင်းဆောင်ရွက်မှုများအပေါ် အခြေခံ၍ ရေရှည်အသုံးပြုနိုင်မည့် စွမ်းအင်အရင်းအမြစ်များ ဖြစ်အောင် အလေးထားဆောင်ရွက်ရန်၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ တိုးတက်ထုတ်လုပ်ရေးနှင့် အထောက်အပံ့ပစ္စည်းများနှင့် ဈေးနှုန်းတည်ငြိမ်ရေးတို့ကို ဆက်လက်ကြိုးပမ်းကြရာတွင် စိုက်ပျိုးရေး နည်းပညာများမျှဝေခြင်းနှင့် အရန်စားနပ်ရိက္ခာရရှိနိုင်မှုများအပေါ် အိန္ဒိယနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို အားရကျေနပ်မိပါကြောင်း။

သဘာဝဘေးစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုများ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးအစီအစဉ်များ၊ ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များအပေါ် ပိုမိုအားစိုက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ဒေသတွင်းနိုင်ငံများတွင် နှစ်ဦးနှစ်ဖက်သာမက အများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ထပ်လောင်း ကတိပြုပါကြောင်း (၁၂) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌကြေညာချက်တွင် ဖော်ပြထားသည်။

**မိုးသူဇာစိုး**

## (၁၇)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး ကောက်နုတ်ချက်

(၁၇)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌက အာဆီယံ-ဂျပန် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အာဆီယံ-ဂျပန်စင်တာမှတစ်ဆင့် အာဆီယံ- ဂျပန် ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းများမြှင့်တင်ရေး၊ အာဆီယံ-ဂျပန်လွတ်လပ်သောကုန်သွယ်မှုနယ်မြေ အပြည့်အဝ အကောင်အထည်ဖော်ရေး၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသည့် သီလဝါအထူးစီးပွားရေးဇုန်မှတစ်ဆင့် ဒေသတွင်း ဆက်သွယ်ရေးလမ်းကြောင်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အာဆီယံ-ဂျပန် မိတ်ဖက်ဆက်ဆံရေးပိုမိုခိုင်မာရေးအတွက် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ဆွေးနွေးဖက်ဆက်ဆံရေး ပိုမိုခိုင်မာစေမည့် ကာလလတ်နှင့် ကာလရှည် မျှော်မှန်းချက်များ ချမှတ်သွားရန် တိုက်တွန်းကြောင်း၊ ဂျပန်နိုင်ငံသည် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးမျိုးသောရန်ပုံငွေများ ခိုင်မာစွာ အကူအညီပေးလျက်ရှိသည့် နိုင်ငံဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အာဆီယံနိုင်ငံ့ခေါင်းဆောင်များက ဒေသတွင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်မှု၊ ဆိုက်ဘာမှုခင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးစီမံခန့်ခွဲမှုကဲ့သို့ စိန်ခေါ်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မိုးသူဇာစိုး**

## နှစ်(၄၀)မြောက် အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်အထိမ်းအမှတ် အစည်းအဝေးမှ ကောက်နုတ်ချက်

အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၄၀) ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံအကြား ဖွံ့ဖြိုးမှုကွာဟချက် လျှော့ချရေး၊ အာဆီယံအသိုက်အဝန်း တည်ထောင်ရေး၊ ဒေသဆိုင်ရာပေါင်းစည်းရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ခိုင်မာစေရေးကိစ္စရပ်များ ပါဝင်သည့် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်မှတစ်ဆင့် ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေးတို့ကို ဆွေးနွေးနိုင်ခဲ့သည်။

ထို့ပြင် ဩစတြေးလျနိုင်ငံမှ ဦးဆောင်ဦးရွက်ပြုသော အာဆီယံနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံမှ ကျောင်းသားကျောင်းသူများ ပညာရေးဖလှယ်သင်ကြားမှု အစီအစဉ်ဖြစ်သည့် ကိုလံဘို စီမံကိန်းသစ်နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ပြီး အဆိုပါအစီအစဉ်ကို အာဆီယံနိုင်ငံများမှ ကြိုဆိုခဲ့ကြောင်း သိရသည်။

**မိုးသူ**

# ပုသိမ်ခရိုင် ချောင်းသာကမ်းခြေ၌ စည်းကမ်းမဲ့ဈေးသည်များ တဖြည်းဖြည်းပိုမိုများပြားလာ



**ပုသိမ်၊ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာကမ်းခြေတွင်စည်းကမ်းမဲ့ဈေးသည်များ တဖြည်းဖြည်းပိုမိုများပြားလာကြောင်းနှင့် ထို့အတွက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ လိုအပ်နေပြီဖြစ်ကြောင်း ချောင်းသာကမ်းခြေမှ တာဝန်ရှိသူများကပြောသည်။

ချောင်းသာကမ်းခြေ သတင်းဌာနမှ တာဝန်ရှိသူတစ်ဦးက "ညဘက်တွေဆိုရင် ကမ်းခြေရဲ့လေပြေလေညင်း အစား ဈေးဆိုင်က အညှော်နံ့များကိုရှူရှိုက်ရင်း၊ စည်းကမ်းမဲ့ ကာရာအိုကေသံတွေကလည်း ပင်လယ်ရေလှိုင်းရိုက်ခတ်သံတွေကို ကျော်လွန်ပျံ့လွင့်နေတယ်။ ညဘက်ဆို သောက်စားမူးရူးပြီးမောင်းတဲ့ ဆိုင်ကယ်ကိုလည်း လမ်းလျှောက်ထွက်ရင်းအပြေးအလွှားရှောင်နေရပါတယ်။ နိုင်ငံတကာ အဆင့်မီ ကမ်းခြေတစ်ခုဖြစ်ဖို့ မျှော်လင့်ချက်ဟာ ဝေးသည်ထက်ဝေး နေပါသေးတယ်"ဟု ပြောသည်။

ချောင်းသာကမ်းခြေကို ၁၉၈၉ ခုနှစ် တွင် စတင်တည်ဆောက် ဖော်ထုတ်ခဲ့ပြီးတစ်နှစ်လျှင် အပန်းဖြေဧည့်သည် ပျမ်းမျှခုနှစ်သိန်းကျော်လာရောက်အနားယူလျက်ရှိသည်။

လာရောက်တည်းခို အနားယူကြသည့် ပြည်ပဧည့်သည်များနှင့် အများပြည်သူများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေသော စည်းကမ်းမဲ့ဈေးသည်များအတွက်ကြောင့် ကမ်းခြေသာယာလှပစေရေးကို ထိခိုက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ **စိုးဝင်း(မြန်/ဆက်)**

# တောင်သာမြို့နယ် ကန်မြဲကျေးရွာ ကဗျာဆရာကြီး ဆရာတင်မိုး၊ ကန်မြဲအောကျော် အမှတ်တရရုပ်တုနှင့် ပန်းရည်ဘဏ်တိုက်စာကြည့်တိုက်ဖွင့်လှစ်

**တောင်သာမြို့၊ နိုဝင်ဘာ ၁၃**

တောင်သာမြို့နယ်၊ ကန်မြဲကျေးရွာ ကဗျာဆရာကြီးဆရာတင်မိုး၊ ကန်မြဲအောကျော် အမှတ်တရရုပ်တုနှင့် ပန်းရည်ဘဏ်တိုက်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အလှူရှင် ဦးအံ့ဆွေ-ဒေါ်ရီအေးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါစာကြည့်တိုက်ဖွင့်ပွဲသို့ တောင်သာမြို့နယ်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်ကျေးလက်ဦးစီးဌာန စသည့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဇဂျမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံမိဘပြည်သူများ၊ ကန်မြဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံမိဘပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်ကို အလှူရှင် ဦးအောင်ရွှေ-ဒေါ်သိန်းကြည်တို့က ငွေကျပ် ၁၅၀ သိန်း အကုန်ကျခံကာ အလျား ၂၇ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၁ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း တစ်ထပ်အမျိုးအစား တည်ဆောက်ပေးခဲ့သည်။

ကန်မြဲကျေးရွာ ပန်းရည်ဘဏ်တိုက် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် စာရေးဆရာခြောက်ဦးဖြင့် အဆိုပါကျေးရွာတွင် စာပေဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကန်မြဲကျေးရွာ ပန်းရည်ဘဏ်တိုက်စာကြည့်တိုက်ဖွင့်ပွဲကို မကျင်းပမီ နိုဝင်ဘာ ၈ ရက်ည ၇ နာရီက ဆရာလေးမြတ်၊ ဆရာထက်မြတ် (မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီဥက္ကဋ္ဌ)၊ ဆရာဇာဂနာတို့က ဟောပြောခဲ့ကြသည်။

ယင်းပြင်ပန်းရည်ဘဏ်တိုက်စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၉ ရက် ည ၇ နာရီတွင် တက္ကသိုလ်တေဇာလင်း၊ ဆရာညီစေမင်း၊ ဆရာကိုလေး (အင်း၀)တို့က ဟောပြောခဲ့ကြသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

# ရေနံချောင်းမြို့နယ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ရေတွင်း၊ ရေကန်များ တူးဖော်လျက်ရှိ

**ရေနံချောင်း၊ နိုဝင်ဘာ ၁၃**

ရေနံချောင်းမြို့နယ်တွင် ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ဦးစီးဌာနမှ ရေတွင်း၊ ရေကန်များ တူးဖော်လျက်ရှိကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပွင့်လင်းရာသီ၌ ရေအခက်အခဲရှိနေ၍ ကျေးရွာပြည်သူများ သောက်သုံးရေသုံးစွဲမှု အဆင်ပြေစေရေးအတွက် မိုးရေလှောင်ကန် နှစ်ကန်၊ ရေတွင်း ၁၁ တွင်းတို့ကို ကျေးရွာ ၁၃ ရွာတွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၅၁ ဒသမ ၅၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ရေတွင်း၊ ရေကန်များ တူးဖော်ပြီးစီးပါက ယခင်ကကဲ့သို့ သောက်သုံးရေ ခက်ခဲမှုမရှိဘဲ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ မိုးနည်းတယ်ဗျာ။ မိုးနည်းတော့ ရေကန်ထဲလည်း ရေမပြည့်ဘူး။ ပွင့်လင်းရာသီရောက်ရင် ရေအခက်လေးတွေကြုံရတယ်။ အခုတော့ အမှန်တကယ်လိုအပ်ချက်ပြည့်ပြီ"ဟု ဒေသခံတစ်ဦးကပြောသည်။ **မွန်မွန်**

# တိရစ္ဆာန်သုံးဆေးဝါးနှင့်မေထုန်မဲ့သားစပ်လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**မြင်းမူ၊ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ထောက်ပံ့သော တိရစ္ဆာန်သုံးဆေးဝါးနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံး ပစ္စည်းများပေးအပ်ပွဲကို နိုဝင်ဘာ ၁၁ ရက်က မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က တိရစ္ဆာန်ရောဂါဖြစ်ပွားမှုအခြေခံအကြောင်းများ သိရှိစေရေး၊ ရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်စေရေး၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် တောင်သူများ၏ ဝင်ငွေများ တိုးပွားလာစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိရစ္ဆာန်သုံး ဆေးဝါးနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်က လက္ကပင်ကျေးရွာအတွက်လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဆိပ်သာကျေးရွာအတွက်လည်းကောင်းထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းပြင် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာခင်မောင်သန်းက ထီးဆောင်းကျေးရွာအတွက်လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမြင့်မြင့်ဌေးက ရွှေကျောင်းကန်ကျေးရွာအတွက်လည်းကောင်းတိရစ္ဆာန်သုံးဆေးဝါးအိတ်များကို ထောက်ပံ့ ပေးအပ်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က မေထုန်မဲ့သားစပ်လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမြင့်မြင့်ဌေးက လက်ခံရယူခဲ့သည်။

အဆိုပါ တိရစ္ဆာန်သုံးဆေးဝါး ၁၅ မျိုးပါဝင်သော ဆေးဝါးအိတ်များကို အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်း တက်ရောက်ခဲ့ကြသည့် ကျေးရွာ ၂၀ သို့ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

-ကံ့ကော်ကွန်ဒို (၄)လွှာ၊ 1500 sqft ဗိုလ်ရာညွန့်လမ်းမျက်နှာမူ၊ MBR (1)၊ BR (3)၊ Aircon (4)၊ Ph (2)၊ ကျွန်းပါကေး၊ Car Parking၊ Security၊ Lift၊

(မြို့ထဲ၊ ဒဂုံ (၁)၊ ဗိုလ်ချုပ်ဈေးနှင့်နီး)

(အကျိုးဆောင်ကြော်ငြာမလို)

Ph - 09 254449589, 09-254808678

SEVEN စံ

မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား? SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက်ငွေပေးချေသည်။

* ပွဲခလုံးဝမယူပါ *

ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈

အထူးကိုယ်စားလှယ်လွှဲစာ SP အမှတ်-၃၁၅၂/၂၀၁၃ ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် အေအလီ(ခ)ဦးမောင်သန်း[၁၂/သကတ(နိုင်)၁၁၆၀၆၄]ကိုင်ဆောင်သူမှ ဦးခင်ဦး[၁၂/တမန(နိုင်)၀၃၆၆၂၇]ကိုင်ဆောင်သူအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာ SP အမှတ်-၃၁၅၂/၂၀၁၃ ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအေအလီ(ခ) ဦးမောင်သန်း[၁၂/သကတ(နိုင်)၁၁၆၀၆၄]

အမှတ်(၂၃၄/က)၊ မြို့ပတ်လမ်း၊ အနော်မာ(၁)ရပ်ကွက်၊ သာကေတမြို့နယ်၊

“ဆိုးခံ (လင်း)” ရုံးချုပ်မှ ရောင်းမည်/ ငှါးမည်

| | | | | |
|---|---|---|---|---|
| ၁။ MAC Tower | (1700Sqft) | Lift | (ရုံးကောင်း).∠ခန်း | 3500L |
| ၂။ တက္ကသိုလ်ရိပ်မွန် Condo | (1350Sqft) | Lift | M2,B2,ပြင်ပြီး.A/C4 | 3300L |
| ၃။ (၈)မိုင်MTP Condo | (1450Sqft) | Lift | M2,ပြင်ပြီး.A/C3,Ph | 3000L |
| ၄။ မင်းဓမ္မ Condo | (1500Sqft) | Lift | M1,BR2,A/C4,ပြင်ပြီး | 3000L |
| ၅။ Royal ဇေယျာဝတီ Condo | (1300Sqft) | Lift | M1,B2,ပြင်ပြီး | 2300L |
| ၆။ ဗိုလ်ရာညွန့်လမ်း | (17x60) | 2/F | B1,ပြင်ပြီး,∠ခန်း ကားပါကင် | 1500L |
| ၇။ ရွှေအုန်းပင်အိမ်ရာ | (900Sqft) | R/T | M1,B2,ပြင်ပြီး | 1500L |
| ၈။ ရွှေတောင်တန်းလမ်း | (17x50) | 6/F | B2,ပြင်ပြီး.A/C2 | 920L |
| ၉။ ကမာရွတ်PISM နီး | (17x60) | 2/F | B2,ပြင်ပြီး.တိုက်သစ် | 880L |
| ၁၀။ မရက အင်းစိန်လမ်းမ | (16x60) | 5/F | B2,ပါကေး.တိုက်သစ် | 750L |
| ၁၁။ ကမ္ဘာအေးဗီလာ | (2000Sqft) | Lift | M1,B2,A/C5,full furn | U$ 3000 |
| ၁၂။ ပန်းဆိုးတန်း Condo | (1500Sqft) | Lift | M1,B2,A/C4,Ph,full furn | 16L |
| ၁၃။ အနော်ရထာ Condo | (1350Sqft) | Lift | M1,B2,A/C2,ပြင်ပြီး | 12L |
| ၁၄။ သမိန်ဗရမ်းလမ်းမ | (15x65) | G/F | Hall | 8L |
| ၁၅။ မနော်ဟရီရိပ်သာ | (17½x50) | 3/F | M1,B1,ပါကေး | 5L |

☎ - 510 600, 510 950, 09 5185539, 09 5012951

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့် ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးကြည်ဝင်း [၁၂/ကမရ(နိုင်)၀၄၀၃၃၂](မှ) | ဒေါ်ပြုံးပြုံးညွန့် [၁၄/ကခန(နိုင်)၀၃၃၆၀၄] | တိုက်(၁၅)၊ အခန်း(၇၈)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၄/ခ)၊ မြေကွက်အမှတ်(၁၂၀၈)၊ မြေကွက်တည်နေရာ အမှတ်(၁၂၀၈)၊ မြတ်လေးလမ်း၊ မြရတနာမြို့သစ်ရပ်ကွက်၊ မင်္ဂလာမြို့နယ် (ဦးမြအေး)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်သန့်ဆင်ဦး (၁၂/မဂဒ(နိုင်)၀၀၆၆၁၆)က ပါမစ်မူရင်းတွင် ပိုနိုသူ စာရင်းပါသည့်စာရွက် တင်ပြနိုင်ခြင်းမရှိဘဲ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၃၂၆)၊ မြေကွက်တည်နေရာအမှတ်(၃၂၆)၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက် ဦးဘပေါ်(AB-029900)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘပေါ် ကွယ်လွန်သဖြင့် ဒေါ်အုံးခင်[၁၂/ကမရ(နိုင်)၀၂၃၇၇၅]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ GP-၂၀၈၁၃/(၄-၈-၁၃)နှင့် ကျမ်းကျိန်လွှာ (၁၃-၈-၁၄)တို့ဖြင့် ဒေါ်ဌေးဌေးရီ[၁၂/လမန(နိုင်)၀၉၀၄၉၉]မှ ကိုယ်စားလှယ်ရယူ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မသန်စွမ်းကျောင်းသားအား (Wheel Chair) ထောက်ပံ့ခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြော

**ယင်းမာပင်၊ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ မသန်စွမ်းကျောင်းသားအား (Wheel Chair) ထောက်ပံ့ခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာဒါနမာန်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်ဆရာဝန် ဒေါ်ဝင်းမြတ်နွယ်က ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အတွင်းရေးမှူး ဒေါက်တာဇာခြည်ဝင်းက ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း သိကောင်းစရာများကို တက်ရောက်လာကြသူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံးက မသန်စွမ်းကျောင်းသား မောင်အောင်ထူးဟိန်းအား (Wheel Chair) တစ်စုံနှင့် ငွေကျပ် ၅၀၀၀၀ တို့အပြင် အဝတ်တစ်စုံစာတို့ကို ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီး ခရိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မြို့နယ်အတွင်းမှ ကိုယ်ဝန်ဆောင်မိခင်များအား ကြက်ဥ၊ အိုင်အိုဒင်းဆား စသည့်အာဟာရများနှင့် ဆပ်ပြာမှုန့်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ယင်းမာပင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ငွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

## ဆီမီးခုံကျေးရွာရှိ လယ်မြေများကို မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေး

**မြင်းခြံ၊ နိုဝင်ဘာ ၁၃**

နိုင်ငံတော်အစိုးရမှ ဒေသအသီးသီးရှိ အသုံးမပြုသော လယ်ယာမြေများအား တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာရှိ လယ်မြေများ မူလပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်ခြင်းကို ဆီမီးခုံကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် နိုဝင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီခွဲက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်မှ လယ်ယာမြေများ ပြန်လည်ပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မူလပိုင်ရှင်သုံးဦးဖြစ်သော ဦးကျော်ဝင်း၊ ဒေါ်ခင်မျိုးရီ၊ ဒေါ်စန်းတို့ထံ သို့ပြန်လည်လွှဲပြောင်းခြင်း စာရွက်စာတမ်းများကို ပေးအပ်ခဲ့သည်။

ထိုမူလပိုင်ရှင်သုံးဦး၏ လယ်ယာမြေများမှာ ကွင်းအမှတ် (၇)၊ အကွက်အမှတ် (၂၃၁) နှင့် (၂၃၈) ရှိ အကျယ်ငါးဧကရှိသော လယ်ယာမြေများဖြစ်ပြီး လယ်ယာမြေများပြန်လည်ရရှိသဖြင့် ပိုင်ရှင်များမှလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း၊ စားဝတ်နေရေးအတွက်လည်း အဆင်ပြေတော့မည်ဖြစ်ကြောင်း ဝမ်းမြောက်ကြည်နူးစွာ ပြောကြားခဲ့သည်။

လယ်ယာမြေပြန်လည်လွှဲပြောင်းပေးအပ်ပွဲသို့ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမျိုးသန့်တင်၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယဉ်ယဉ်မြင့်၊ ဆီမီးခုံကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ



**လေးမျက်နှာ၊ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၇ ရက် နံနက် ၅ နာရီတွင် သံဃာငါးပါးအား နံနက်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး နံနက် ၉ နာရီတွင် အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်၊ ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ အငြိမ်းစား ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက အမှာစကားပြောကြားပြီး အငြိမ်းစားဝန်ထမ်းများအား မေတ္တာလက်ဆောင်များပေးအပ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းထူးချွန်ဆုများချီးမြှင့်ရာ မြို့နယ်ရုံးလုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆု၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ ခွင့်အနည်းဆုံးနှင့် ရုံးတက်အမှန်ဆုံးဆုများ ချီးမြှင့်ခဲ့သည်။ ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ငွေကျပ် ၆၁၀၀၀၀ တန်ဖိုးရှိ တီဗွီ၊ စလောင်း၊ အီးဗွီဒီ၊ ပန်ကာအပါအဝင် ပစ္စည်း ၇၂ မျိုး မဲဖောက်၍ ချီးမြှင့်ခဲ့ကြောင်းနှင့် နိုဝင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် မိတ်ဆုံညစာစားပွဲဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။ **သီဟ(လေးမျက်နှာ)**

## နဂါးမောက်သီးနှံအထွက်တိုးရေး ကွင်းဆင်းသရုပ်ပြ

**ကျောက်ပန်းတောင်း၊ နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်ပေါက်ဥယျာဉ်ခြံတွင် နဂါးမောက်သီးနှံအထွက်တိုးရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့ကွင်းဆင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ဆည်ပေါက်ဥယျာဉ်ခြံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲနှင့် ကွင်းပြပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကေသီဝေက ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာနှင့်ပတ်သက်၍လည်းကောင်း၊ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးနိုင်က နဂါးမောက်သီးနှံ စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်းကောင်း၊ ဆည်ပေါက်ဥယျာဉ်ခြံ ခြံဦးစီးမှူး ဦးသိန်းလွင်က နဂါးမောက်သီးနှံအထွက်တိုးရေး စိုက်နည်းစနစ်များနှင့်ပတ်သက်၍လည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး တက်ရောက်လာကြသည့် နဂါးမောက်စိုက်ပျိုးရေးခြံလုပ်ငန်းရှင်များက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ “ကျွန်တော်တို့အနေနဲ့ကတော့ ဒေသတွင်းမှာရှိတဲ့ နဂါးမောက်စိုက်တောင်သူတွေအချင်းချင်း အသိပညာဖလှယ်ပြီး နည်းပညာတွေတိုးတက်လာစေဖို့ရယ်၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းတဲ့နေရာမှာလည်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုအနည်းဆုံးနဲ့၊ အထိရောက်ဆုံးဆောင်ရွက်နိုင်ကြဖို့ရယ်နဲ့ ပြီးတော့ နဂါးမောက်သီး အထွက်တိုးရေးအတွက် သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာကို အချိုးညီညီနဲ့ စနစ်တကျသုံးစွဲတတ်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေအပြင် နဂါးမောက်စိုက်မယ့်တောင်သူတွေက တိုင်စနစ်နဲ့စိုက်မှာလား၊ တန်းစနစ်နဲ့စိုက်မှာလား၊ စင်စနစ်နဲ့စိုက်မှာလား ကိုယ့်မြေအနေအထားပေါ်မူတည်ပြီး စိုက်နည်းစနစ် မှန်မှန်ကန်ကန်ရွေးချယ်စိုက်ပျိုးနိုင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီပညာပေးဆွေးနွေးပွဲကို လက်တွေ့ကွင်းပြပွဲလေး လုပ်ဖြစ်တာပါ”ဟု ဆည်ပေါက်ဥယျာဉ်ခြံ ဦးစီးမှူး ဦးသိန်းလွင်က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းပြသည်။

အဆိုပါပညာပေးဆွေးနွေးပွဲနှင့် ကွင်းပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ကျောက်ပန်းတောင်း၊ ဆည်ပေါက်၊ ပုပ္ပား၊ အင်တောစသည်တို့မှ စီးပွားဖြစ် နဂါးမောက်စိုက်ခြံလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားသူများ စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြပြီး ပညာပေးဟောပြောပွဲအပြီးတွင် ခြံပိုင်ရှင် ဦးတင်ဝင်း၏ ဖေးဘရိတ်နဂါးမောက်ခြံနှင့် ဦးသန်းငွေးမောင်တို့၏ နဂါးမောက်ခြံများသို့ ကွင်းဆင်းသွားရောက်ခဲ့ကြပြီး အရွက်ပိုး၊ အသီးပိုး ကျရောက်မှုအနေအထားနှင့် လက္ခဏာများ၊ သုံးစွဲရမည့် ပိုးသတ်ဆေးနှင့် သုံးစွဲနည်းစနစ်များ၊ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## မြို့နယ်သမဝါယမအသင်း အမှုဆောင်သင်တန်းဆင်း

**လှည်းကူး၊ နိုဝင်ဘာ ၁၃**

တိုင်းဒေသကြီး မြို့နယ်သမဝါယမအသင်းစုချုပ်များနှင့် သမဝါယမဦးစီးဌာန၏ ဦးတည်ချက်လုပ်ငန်းစဉ်များနှင့် သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်နေမှုများကို သိရှိနားလည် သဘောပေါက်စေရန်အတွက် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သော တိုင်းဒေသကြီး ပြည်နယ်သမဝါယမအသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများ၊ သမဝါယမမွမ်းမံသင်တန်း (၂/၂၀၁၄) ဆင်းပွဲကို နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီက သမဝါယမကောလိပ် (ဖောင်ကြီး) လှည်းကူးမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။ **လှည်းကူး(ပြန်/ဆက်)**

Golden View Myanmar Travels & Tours
အဆင့်မြင့်ခရီးစဉ်များ
Nov 16 - 35000/
Nov 15 - 35000/
Nov 15 - 30000/-
Air-Con Express, Guide
Call-Ph:09253379851, 09974053699, 09795342990

HOW အဆင့်မြင့် ခရီးသွားလုပ်ငန်း(အထူးခရီးစဉ်)
- အင်းလေး၊ တောင်ကြီး၊ ထန့်ဆန်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း
ဟိုတယ်အိပ်၊ ဟိုတယ်/စားသောက်ဆိုင်စား၊ Scania Bus, အဆင့်မြင့်ကားတို့ဖြင့် အဆင့်မြင့်မြင့် သွားမယ်။ ၄ညအိပ်-၅ရက်ခရီး၊ စရိတ်ငြိမ်း-၁၂၅၀၀၀/-
(Nov-14,18,21,25,28 Dec-2,5,9,12,16,19,23,24,30) နေ့ရက်များတွင်ထွက်မည်။ Ph : 09-73027303 , 09-5114301, 09-5180337

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ကျောင်းပိတ်ရက် ဈေးဝယ်အထူးခရီးစဉ်
ထားဝယ် - နယ်စပ် ထီးခီး ( တန့်ချနာရူရီ / မြ ဘုရား )
၂၃ - ၁၂ - ၂၀၁၄ မှ ၂၈ - ၁၂ - ၂၀၁၄ ထိ
သုဝဏ္ဏစာပေ ၀၁ ၂၅၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄

CROWN EDUCATION Learning Center
IELTS ACT
“ဝါရင့် Professor ကိုယ်တိုင်ဦးစီးပြီး အတွေ့အကြုံရှိ Local & Native Teacher များဖြင့် စနစ်တကျလေ့ကျင့်သင်ကြား ပေးလျက်ရှိသည်”
• English 4 Skills Development Classes (Foundation / Advanced Level)
• IELTS Intensive Course
• ACT Preparation Course
• Arts & Design Portfolio Preparation Course
Personality Development, Interview Techniques, Presentation Skills များအား အခမဲ့ဖိတ်ခေါ်သင်ကြားပေးမည်။
Enroll for NOV Intake
No.270, 1st Floor, Room(1B) , Pyay Rd, Myaynigone, Sanchaung Tsp, Ygn.
Bet: DNH Tower & Dagon Centre(2). Tel: 01 527 838 / 09 732 56 965

“စက်မှုဇုန် မြေကွက်ပိုင်ရှင်များအတွက် သတင်းကောင်း”
79 HomeBuilder
Steel Structure & Construction Co.,Ltd.
စက်မှုဇုန်မြေကွက်တွင် ဆောက်လုပ်မည့် Steel Structure (သံထည်) အဆောက်အအုံ ဂိုဒေါင်များအား Steel Structure & Civil Works "1 sqft - 10,000/- ~ 12,000/- (Material & Labour Cost)" ဖြင့် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
- (Design, Estimate & Structure) များကိုလည်း ဆောင်ရွက်ပေးပါသည်။
Ph : 09-5120750, 09-8625750, 09-73085552,
E-mail : 79builder@gmail.com

ဆောင်းပါး

# မိုက်ခရိုဘဏ္ဍာရေးမှအစပြု၍...

**à armijfrifjrwf(p)DG&;wuúdK)**

မောင်မြင့်မြတ်တစ်ယောက် ယခုတလော တွေးတောဆင်ခြင်သုံးသပ်စရာတွေ များစွာကြုံတွေ့နေရသည်။ တွေးတောဆင်ခြင်သုံးသပ် လေ့လာခွဲခြမ်းစိတ်ဖြာခြင်းသည် အသိပညာရင့်ကျက်ခြင်းမှတစ်ဆင့် ကောင်းကျိုးချမ်းသာ (သုခ) ရရှိခြင်းအတွက် အခြေခံအကြောင်းတရား (ဟိတ) ဖြစ်သည်ဟု တဖြည်းဖြည်း သဘောပေါက်လာခဲ့သည်။ ယနေ့ခေတ်တွင် Media လောက လျင်မြန်စွာဖွံ့ဖြိုးလာခြင်းနှင့် အသိပညာ၊ စာပေဗဟုသုတများ များစွာလက်လှမ်းမီခြင်းသည် စဉ်းစားတွေးခေါ် ဆင်ခြင်သုံးသပ်ခွဲခြမ်းစိတ်ဖြာခြင်းအတွက် လိုအပ်သော ကုန်ကြမ်းတစ်ပုံတစ်ပင် ရရှိစေသည်ဟု တွေးတောနေခိုက် အိမ်ရှေ့မှ တစ်ဦးတစ်ယောက်၏ခေါ်သံကြား၍ ထွက်ကြည့်မိရာ မိတ်ဆွေကြီးကိုမြင့်သူဖြစ်နေကြောင်း တွေ့ရသဖြင့် ဧည့်ခန်းထဲသို့ဖိတ်ခေါ်၍ စကားလက်ဆုံပြော ဖြစ်ကြတော့သည်။

ကိုမြင့်သူသည် စာပေဖတ်ရှုအားကောင်းသည့်အပြင် အရာရာကို ချင့်ချိန်သုံးသပ် ဝေဖန်လေ့ရှိသဖြင့် စကားပြောဖြစ်တိုင်း မှတ်သားစရာ၊ ကျင့်သုံးလိုက်နာစရာအကြောင်းများ ရရှိစမြဲမို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမိသည်။ ကိုမြင့်သူဘာတွေများဆွေးနွေးပါလိမ့်မလဲဟု တွေးတောရင်း စိတ်ဝင်တစား နားစွင့်နေမိသည်။ ကိုမြင့်သူက ကျွန်တော်တို့၏ နံနက်ခင်းစကားဝိုင်းကို မိုက်ခရိုဘဏ္ဍာရေးနှင့်ဖွင့်စဉ် ချစ်ဇနီးအေးက လက်ဖက်ရည်၊ မုန့်ဟင်းခါးတို့ ဧည့်ခံခြင်းဖြင့် စကားဝိုင်းကို ပိုမိုစိုပြည်သွားစေသည်။

ကိုမြင့်သူ။ ။ဟေ့- မောင်မြင့်မြတ် မိုက်ခရို ဘဏ္ဍာရေးနဲ့ ပတ်သက်လို့ အမျိုးမျိုးဝေဖန်နေတာတွေ၊ ထင်မြင်ယူဆချက် အမျိုးမျိုးရှိနေတာတွေ ဟိုကဒီကကြားနေရတယ်ကွ။

မောင်မြင့်မြတ်။ ။အဆန်းပါလား ကိုမြင့်သူရ။ မိုက်ခရိုဘဏ္ဍာရေးလို့ တစ်ခါမှမကြားမိသလိုပါလား ။

ကိုမြင့်သူ။ ။မင်းကလည်း ဝေးပ့ါကွာ။ နိုင်ငံတစ်ခုရဲ့ MACRO Economy ကို မက်ခရိုစီးပွားရေးလို့ သုံးတယ် မဟုတ်လားကွာ။ အလားတူပဲ Micro Economy ကို မိုက်ခရိုစီးပွားရေးလို့ သုံးတယ်မဟုတ်လား။ ဒါကြောင့် Microfinance ကို မိုက်ခရိုဘဏ္ဍာရေးလို့ သုံးသင့်တယ်မဟုတ်လား။

မောင်မြင့်မြတ်။ ။သဘောပေါက်ပြီဗျို့။ အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ အသေးစားချေးငွေလုပ်ငန်းကို ပြောတာထင်တယ်။

ကိုမြင့်သူ။ ။တည့်တည့်ပြောမှ သဘောပေါက်တာ ကျေးဇူးတင်တယ်ဟေ့။ ဟုတ်တယ်ကိုယ့်လူ ၊ Microfinance အပေါ်မှာ အမြင်အမျိုးမျိုးရှိနေကြတာကိုပြောတာ။ ကိုယ့်လူအမြင်ကကော ဘယ်လိုလဲ။ နည်းနည်းလင်းစမ်းပါဦး။

မောင်မြင့်မြတ်။ ။၂၀၁၁ ခုနှစ် အစိုးရသစ်တက်လာတော့ ပြုပြင်ပြောင်းလဲရေး စတင်ခဲ့တယ်လေ။ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည်ဖြင့်ပေ့ါ။ ဒီအထဲမှာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာထဲမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးကို အဓိကမဟာဗျူဟာအဖြစ် ချမှတ်တာ သတိထားမိတယ်။

အဲဒီထဲမှာ မိုက်ခရိုဖိုင်းနန့်(စ်)လည်းပါတယ်။

ကိုမြင့်သူ။ ။အေး ဒါတော့ ငါလည်းသိတာပေ့ါကွ။ မင်းက စာပေဗဟုသုတဖတ်တာများလို့ ဒီအပေါ်မှာ မင်းရဲ့အမြင်ကို ပြောစေချင်တာပါ စာတိုင်ညို့ရ။

မောင်မြင့်မြတ်။ ။ကျွန်တော်လေ့လာမိသလောက် မိုက်ခရိုဖိုင်းနန့်(စ်) ဆိုတာ တရားဝင်ငွေကြေး ဝန်ဆောင်မှုမရကြတဲ့ ဝင်ငွေနည်းပြည်သူတွေအတွက် ငွေကြေးဝန်ဆောင်မှုတွေကို သူတို့တတ်နိုင်တဲ့ဈေးနှုန်းနဲ့ အလွယ်တကူရရှိစေပြီး ဝင်ငွေရလုပ်ငန်းတွေ ဆောင်ရွက်ခြင်းကတစ်ဆင့် သူတို့ရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးစေမှာဖြစ်လို့ အလွန်အကျိုးများတဲ့အလုပ်မဟုတ်လား။

## ဝင်ငွေနည်းပြည်သူတွေ ဝင်ငွေရလုပ်ငန်းတွေဖြစ်တဲ့ လယ်ယာလုပ်ငန်းတို့ အသေးစားကုန်ထုတ်လုပ်. . . .

ကိုမြင့်သူ။ ။မင်းက အကောင်းမြင်ဝါဒသမားဆိုတော့ ဒီလိုပြောမှာပေ့ါ။ အချို့သူတွေက ဝင်ငွေနည်းပြည်သူတွေ ကြွေးနွံနစ်ရာကတစ်ဆင့် အရင်တုန်းက ချစ်တီးတွေလို လယ်သိမ်း၊ ယာသိမ်း၊ အကုန်သိမ်းယူကြလို့၊ ဝင်ငွေနဲပြည်သူတွေ လဲရာသူခိုးထောင်း ဖြစ်တော့မယ်လို့ ဟောကိန်းထုတ်နေကြတယ်မောင်ရဲ့။

မောင်မြင့်မြတ်။ ။ကိုမြင့်သူကလည်းဗျာ၊ အရာရာမှာ နည်းလမ်း၊ စည်းကမ်းတော့ ရှိတာပေ့ါဗျ။ စည်းကမ်းစနစ်တကျနဲ့ အသိပညာနဲ့ယှဉ်တဲ့ ကျင့်သုံးဆောင်ရွက်မှုတွေလိုတာပေ့ါ။

ကိုမြင့်သူ။ ။လင်းစမ်းပါဦးဆရာရယ်၊ ဟဲ့-မအေး လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းလေး ဒါနပြုပါဦးဟ။

မအေး။ ။ရပါတယ်ကိုမြင့်သူရယ်၊ အားလုံးပြင်ဆင်ထားပါတယ်။ မနက်ကမှ ဈေးသွားထားတာဆိုတော့ အားရပါးရသာ သုံးဆောင်ပါရှင်။

မောင်မြင့်မြတ်။ ။မိုက်ခရိုဖိုင်းနန့်(စ်) ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အသေးစားချေးငွေ၊ Micro-credit ဆိုတာက အပေါင်ပစ္စည်းပေးရန်မလိုဘဲ ထုတ်ချေးတဲ့ငွေဆိုတော့ လယ်သိမ်း၊ ယာသိမ်း လုပ်စရာမလိုဘူးလေဗျာ။ ပြီးတော့ ချေးငွေကို အသင်းသားရဲ့ လိုအပ်ချက်၊ ဒေသရဲ့အခြေအနေနဲ့အညီ ထုတ်ချေးတာ။ ပြန်ဆပ်တာဆိုတော့ အဆင်ပြေတယ်မဟုတ်လား။ အတိုးကလည်းသက်သာတယ်လေ။

ကိုမြင့်သူ။ ။ဒါကိုတော့ ငါလည်းလက်ခံပါတယ်။ အခုက မိုက်ခရိုဖိုင်းနန့်(စ်) ဈေးကွက်အတွင်းမှာ လုပ်ငန်းဆောင်ရွက်သူတွေကြည့်ရင် နိုင်ငံတော်အစိုးရကရော၊ ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းတွေရော အရမ်းများလာလို့ အသင်းသားတွေအတွက် စိုးရိမ်လို့ပြောတာကွ။ အခုဆိုရင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရော၊ သမဝါယမဝန်ကြီးဌာနကရော၊ MFI တွေကရော၊ မြစိမ်းရောင်စီမံကိန်းကရော ငွေတွေ ဖောဖောသီသီထုတ်ချေးနေကြတာတွေ့လို့ စိုးရိမ်လို့ပြောတာဟေ့။

မောင်မြင့်မြတ်။ ။မိုက်ခရိုဖိုင်းနန့်(စ်) ရဲ့ ရည်ရွယ်ချက်က ဝင်ငွေနည်းပြည်သူတွေ ဝင်ငွေရလုပ်ငန်းတွေဖြစ်တဲ့ လယ်ယာလုပ်ငန်းတို့၊ အသေးစားကုန်ထုတ်လုပ်ငန်းတို့၊ ဝန်ဆောင်မှုလုပ်ငန်းတို့၊ မွေးမြူရေးလုပ်ငန်းတို့၊ အသေးစားကုန်စုံဆိုင်တို့ ဒါတွေအတွက် အရင်းအနှီးရဖို့ အဓိကရည်ရွယ်ဆောင်ရွက်တာဖြစ်တော့ ရည်ရွယ်ချက်အတိုင်းတော့ အကောင်အထည်ဖော်နိုင်အောင် ဉာဏ်နဲ့ယှဉ်ပြီး လုပ်ငန်းဆောင်ရွက်ရမှာဖြစ်သလို အသုံးနဲ့အဖြုန်းတော့ ကွဲကွဲပြားပြား စဉ်းခြားနိုင်မှ ရမှာမဟုတ်လား။ ဒီတော့ စိတ်နေစိတ်ထား Mind -Set ပြင်ဖို့လိုအပ်တာပေ့ါဗျာ။

ကိုမြင့်သူ။ ။ပြောတာတော့ လွယ်တာပေ့ါကွာ။ မြေပြင်မှာ ရည်ရွယ်ချက်အတိုင်း အမှန်လုပ်မလုပ် ဘယ်သူကကြီးကြပ်မှာလဲ။ ဒီကရတဲ့ချေးငွေ ဟိုမှာဆပ်၊ ဟိုလူဆီကရတဲ့ချေးငွေ တခြားသူဆပ်နဲ့ အကြွေးစက်ဝိုင်းဖြစ်မသွားနိုင်ဘူးလား။ ဒို့လူမျိုးက အကြွေးရရင် ဆင်တောင်ဝယ်စီးလိုက်မယ်တို့၊ ရောမမြို့တောင်ဝယ်လိုက်မယ်တို့၊ အကြွေးရလို့ကတော့ လေယာဉ်ပျံဝယ်စီးလိုက်မယ်တို့ ဒီလိုတွေရှိတယ်မဟုတ်လား။

မောင်မြင့်မြတ်။ ။အဓိကတာဝန်အရှိဆုံးကတော့ ချေးငွေရယူသူ ဝင်ငွေနည်းပြည်သူတွေပဲမဟုတ်လား။

ကိုမြင့်သူ။ ။အကြွေးလွယ်လွယ်ယူ လွယ်လွယ်ဖြုန်းရင်တော့ ဘဝက ဘယ်တိုးတက်နိုင်ပ့ါမလဲ။ ဒါကြောင့် အသုံးနဲ့အဖြုန်း ခွဲရမှာပေ့ါ။ အသုံးမှာတောင်မှ ဇိမ်ခံပစ္စည်းမျိုးဝယ်မယ်။ စားသုံးပစ်မယ်ဆိုရင်တော့ ဘဝဘယ်တိုးတက်တော့မလဲ။ အကြွေးရလို့ ဆင်ဝယ်စီးမယ်၊ ရောမမြို့ဝယ်မယ်တို့ လုပ်မယ်ဆိုရင်လုပ်ပါ။ ဆင်ကိုစီးရုံသက်သက်မဟုတ်ဘဲ သစ်ဆွဲတာတို့၊ သစ်ထုတ်တာတို့စတဲ့ ဆင်ကိုအရင်းပြုပြီး ဝင်ငွေကိုရအောင်လုပ်၊ ပိုလာတဲ့ငွေကိုအကြွေးဆပ်။ ဒီလိုဘဲ ရောမမြို့ဝယ်ပြီး ဇိမ်ခံရုံပဲဆိုရင်တော့ ကုန်ကျစရိတ်နဲ့ ပြုပြင်ထိန်းသိမ်းစရိတ်ပဲ ပိုကုန်မှာပေ့ါ။ မြို့ကိုအရင်းပြုပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ ကုန်သွယ်ရေးလုပ်ငန်းတို့စတဲ့ ဝင်ငွေရလုပ်ငန်းတွေ လုပ်ကိုင် ရမယ်မဟုတ်လား။ အသေးစားငွေရေးကြေးရေးအဖွဲ့ရဲ့ ချေးငွေကိုလည်း အကျိုးရှိရှိ ဝင်ငွေရလုပ်ငန်းများမှာသုံးမှ ရေရှည်အကျိုးရှိမှာမဟုတ်လား။ မဟုတ်လို့ကတော့ ကုဋေရှစ်ဆယ်သူဌေးသားလို ဖြစ်မှာပေ့ါ။

ကိုမြင့်သူ။ ။အေး-အဲဒီသူဌေးသားအကြောင်းတော့ ကြားဖူးတယ်ဟေ့။ ဘုရားဟောဇာတ်တော်မဟုတ်လား။ ယောကျ်ားဘက်က ကြွယ်ဝတာ ကုဋေရှစ်ဆယ်၊ မိန်းမဘက်က ကုဋေရှစ်ဆယ် စုစုပေါင်း ကုဋေတစ်ရာ့ခြောက်ဆယ် ကြွယ်ဝတယ်။ အသိဉာဏ်ပညာနဲ့ ယှဉ်ပြီး စနစ်တကျမသုံးတတ်ဘဲ ဖြုန်းပစ်လို့ ဇရပ်ဘေးမှာတောင်းစားရင်းသေရတယ်ဆိုတာလေ။

မောင်မြင့်မြတ်။ ။ဟုတ်တာပေ့ါ ကိုမြင့်သူ။ ဘဝတိုးတက်ကြီးမားရေးအတွက် ကံ၊ ဉာဏ်၊ ဝီရိယတို့ လိုတယ်မဟုတ်လား။ ကံရှိလို့ချမ်းသာပေမဲ့ ဉာဏ်နဲ့ ဝီရိယမကူရင် ကြွယ်ဝတဲ့ဥစ္စာက ရေရှည်မတည်တံ့တဲ့သဘောပဲဗျို့။ ကံမရှိပေမဲ့ ဉာဏ်နဲ့ ဝီရိယရှိလို့ ကြွယ်ဝချမ်းသာတဲ့ သူဌေးတစ်ဦးဖြစ်သွားတဲ့ ဇာတ်လမ်းလေးလည်း ရှိသေးတယ်မဟုတ်လား။

ကိုမြင့်သူ။ ။အေး-ငါနည်းနည်းတော့သိသလိုလိုဘဲကွ။ ကြွက်သေတစ်ခုအရင်းပြုပြီး ကြီးပွားသွားတဲ့ပုံပြင်မဟုတ်လား။

မောင်မြင့်မြတ်။ ။ဟုတ်တာပေ့ါဗျာ။ ကြွက်သေကိုကြောင်မွေးတဲ့အိမ်ရောင်းတော့ ငွေရတာပေ့ါ။ ရတဲ့ငွေနဲ့ တစ်ဆင့်ပြီးတစ်ဆင့် အရင်းအနှီးပြုပြီး ကြိုးစားရှာဖွေတာ သူဌေးကြီးဖြစ်သွားပါရောလား။

ကိုမြင့်သူ။ ။ဟုတ်တယ် မောင်မြင့်မြတ်ရေ၊ ငါတို့အညာဘက်ကလူတွေ ရန်ကုန်လာရင် အရင်းအနှီးများများ မပါဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လာပြီး ရရာအလုပ်လုပ်ပြီး စီးပွားရှာ၊ စုဆောင်းကြနဲ့ တော်တော်ကြီးပွားနေကြတာကလား။

မောင်မြင့်မြတ်။ ။အရင်တုန်းက ဒီလိုမတည်ငွေချေးဖို့ မလွယ်ဘူးလေ။ ကိုယ့်အားကိုယ်ကိုး စုဆောင်း၊ အတိုးကြီးကြီးနဲ့ ငွေချေးပြီး အပြင်းအထန်ငွေရှာ၊ ပြန်ဆပ် နောက်ဆုံးတော့ အဓိပတိ လေးမျိုးတပ် လုပ်ကိုင်ကြတော့ ကြီးပွားတာပေ့ါဗျာ။

ကိုမြင့်သူ။ ။ဝင်ငွေနည်းသူအားလုံးရော ငွေချေးခွင့်ရကြရဲ့လားဆိုတာ တွေးတောစရာပဲ မောင်မြင့်မြတ်ရေ။ အချို့ကြားရတာ ငွေလွယ်လွယ်ချေးခွင့်မရကြဘူးတဲ့။ အထူးသဖြင့် မြေမဲ့ယာမဲ့နဲ့ ကျပန်းအလုပ်သမားတွေပေ့ါကွာ။

မောင်မြင့်မြတ်။ ။ကိုယ့်မှာ ခိုင်လုံတဲ့အထောက်အထားတွေ ဥပမာ-ဘယ်မှာနေတယ်၊ ဘာလုပ် တယ်၊ ကိုယ့်မိသားစုရဲ့ဝင်ငွေ၊ အသုံးစရိတ်၊ ကိုယ့်စီးပွားရေးလုပ်ငန်း၊ မိမိနဲ့ စိတ်တူကိုယ်တူ အဖွဲ့ဝင်တွေအချင်းချင်း အာမခံတဲ့ဝိုင်းကြီးချုပ်စနစ်၊ ကိုယ့်ရဲ့ ဖြူစင်ရိုးသားမှု၊ အကြွေးတင်ရှိမှု၊ ဝင်ငွေလည်ပတ်စီးဆင်းမှု၊ ဒါတွေတော့ တင်ပြရမှာပေ့ါ။

ကိုမြင့်သူ။ ။အေး-ဒီအချက်တွေကတော့ ဂရုတစိုက်စိစစ်ရမှာပေ့ါ။ ဒါမှ အသေးစားချေးငွေလုပ်ငန်း ရေရှည်တည်တံ့ဖို့ရော၊ အသင်းဝင်ကြွေးနွံမနစ်ဖို့ရော၊ အသင်းဝင်တွေရဲ့ လူမှုစီးပွားဘဝမြင့်မားဖို့ရော အဆင်ပြေမှာပေ့ါ။

**စာမျက်နှာ (၂၀) သို့ -**

THE GLOBAL PROFESSIONAL QUALIFICATION FOR BUSINESS LEADERS

CGMA
Chartered Global Management Accountant™

CIMA
Chartered Institute of Management Accountants

Masters Gateway for MBA

MBA ဘွဲ့ရရှိပြီးသောသူများ တက်ရောက်နိုင်ပါပြီ

Operational Level နှင့် Management Level ဘာသာရပ်များကိုဖြေဆိုရန်မလိုဘဲ Strategic Level ဘာသာရပ်များကိုသာ ဖြေဆိုပြီး CIMA ကို ရယူနိုင်မည်။

Hot Line - 246634, 2304156

MCC.i
MCC Training Institute
Junction Square Shopping Centre (Complex),
Building (8) 1st Floor Kamayut Township, Yangon




**Family Air Con (Sale & Service)**

အဲယားကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ကွန်ပျူတာများကို အိမ်အရောက်ပြုပြင်တပ်ဆင်ပေးပါသည်။ အဟောင်းအပျက်များကိုလည်း ဈေးကောင်းပေးဝယ်သည်။

**09253044434, 09799566828**

**တိုက်ခန်းရောင်းမည်**
**(စမ်းချောင်းမြို့နယ်)**

ရွှေလောင်းလမ်း၊ ပေအကျယ်(၁၂½×၅၅)၊ ဒုတိယထပ်(2F)၊ ကျွန်းပါကေးအပြည့်ခင်း၊ အဲယားကွန်း(၁)လုံး၊ ကောနစ်၊ ရေချိုးခန်း၊ မီးဖိုချောင်၊ ကြွေခင်းကြွေကပ်၊ အိမ်သာဘိုထိုင်၊ ရေမီးကိုယ်ပိုင်၊ တိုက်သန့်၊ လေဝင်လေထွက်ကောင်း။

သိန်း(၆၃၀)

ဖုန်း-၀၉၄၀၁၆၁၆၉၁၇၊
၀၉-၂၅၄၂၈၂၂၈၁

# ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား ငွေကြေး အကျိုးခံစားခွင့် ထုတ်ပေး

**ပြည်၊ နိုဝင်ဘာ ၁၃**

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား ငွေကြေးအကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ပြည်မြို့၊ ဗိုလ်ချုပ်လမ်း၊ မူရာပင်ရပ် သီရိခေတ္တရာ ရတနာမြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်း တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်မြို့ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ အာမခံအလုပ်သမား ဦးမောင်အေး၏ အကျိုးခံစားခွင့် ကျပ် ၂၉၄၀၀၀၀ အားလည်းကောင်း၊ Media Myanmar Co.,Ltd မှ အာမခံလုပ်သား ဒေါ်သင်းသင်းထက်၏ မမာမကျန်းအကျိုးခံစားခွင့် ကျပ် ၁၃၄၄၀၀ အားလည်းကောင်း၊ ရေနံဖြန့်ဖြူးရေးလုပ်ငန်းမှ အာမခံအလုပ်သမား ဦးဝင်းသိန်း၏ အမြဲတန်း မသန်စွမ်းဖြစ်မှုအတွက် ငွေလုံးငွေရင်းကျပ် ၁၄၁၄၀၃၂ ကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ထို့နောက် ဓာတ်အားပို့လွှတ်ရေးလုပ်ငန်းမှ အာမခံအလုပ်သမား ဦးခင်မောင်ကြွေ၏ဇနီး ဒေါ်အေးအေးငြိမ်းအား ငွေလုံးငွေရင်း ကျပ် ၁၄၈၀၉၁၀ နှင့် အာမခံအလုပ်သမား ဦးခင်မောင်ကြွေ၏ သားမောင်ငြိမ်းချမ်းတို့အား ငွေလုံးငွေရင်းကျပ် ၃၅၅၅၀၃ အား ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေနှင့်အညီ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ပြည်မြို့၊ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် မြို့နယ်သမအသင်းမှ အာမခံအလုပ်သမား ဒေါ်ဌေးဌေး၏ ပြင်ပဝယ်ဆေးဖိုး စိုက်ထုတ်ကုန်ကျငွေ ကျပ် ၁၄၃၈၀၀ အားလည်းကောင်း၊ လက်ပံတန်းမြို့၊ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် မြန်မာ့မီးရထား အာမခံအလုပ်သမား ဦးထွန်းထွန်းအေး၏ အမြဲတန်းမသန်မစွမ်းဖြစ်မှုအတွက် ငွေလုံးငွေရင်း ကျပ် ၂၀၄၉၃၂၈ နှင့် တန် ၁၀၀ သမဝါယမမှ အာမခံအလုပ်သမား မောင်အောင်မြင့်၏ဖခင် ဦးညိုမောင်အား ငွေလုံးငွေရင်း ၂၈၈၄၃၂ အားလည်းကောင်းဒုတိယဝန်ကြီးက ပေးအပ်ခဲ့သည်။

သာယာဝတီမြို့လူမှုဖူလုံရေးရုံးတွင်အကျုံးဝင်မှတ်ပုံတင်ထားသည့် အမှတ် ၄၃ အကြီးစားစက်မှု လုပ်ငန်းမှ အလုပ်သမား ဦးသန့်ဇင်ချို အမြဲတန်းသန်မစွမ်းဖြစ်မှုအတွက် ငွေလုံးငွေရင်း ၂၃၇၁၄၇၃တို့အား ၁၉၅၄ ခုနှစ် လူမှုဖူလုံရေး အက်ဥပဒေနှင့်အညီ ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဖူလုံရေး (ရုံးချုပ်) စီမံရေးရာဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနှင့် ပဲခူးတိုင်းဦးစီးအရာရှိ ဦးစောတင်ဦး၊ ပြည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့တာဝန်ခံ ဒေါ်တင်မိုးနွယ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် ထိခိုက်သေဆုံးသူ၏ ကျန်ရစ်သူ မိသားစုများ တက်ရောက်ကြသည်။

**တင်မိုးနွယ်**

# ရေနံချောင်းမြို့နယ် ကျေးရွာအချို့တွင် ပဲတီစိမ်း နေကြာများ အောင်မြင်၍ ဈေးကောင်းရ



**ရေနံချောင်း၊ နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ စိန်ပန်းပင်၊ ဝက်ခေါင်း၊ ဆီးပင်ရိုး၊ ကံမ၊ သပွတ်စုကျေးရွာများတွင် ပဲတီစိမ်းများ စိုက်ပျိုးကြရာ ယခုအခါ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ယင်းကျေးရွာများတွင် မိုးဦးကာလ မိုးခေါင်၍ မိုးဦးနှမ်းပျက်စီးခဲ့ပြီး ယခုပဲတီစိမ်းမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

စိုက်ပျိုးမြေ တစ်ဧကလျှင် ပဲတီစိမ်း ခြောက်တင်းမှ ၁၀ တင်းအထိရရှိကြောင်းနှင့် ပဲတီစိမ်းဈေးမှာလည်း ယခင်နှစ်က ပဲတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ရောင်းရပြီး ယခုနှစ်တွင် ကျပ် ၃၄၅၀၀ ရောင်းရ၍ ဒေသခံများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် ပဲတီစိမ်းကို မန္တလေးနှင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့နေကြပြီး ယခုရက်အတွင်း အရောင်းအဝယ်လိုက်နေကြောင်း ပဲတီစိမ်းနှင့် နေကြာကို သီးညှပ်အဖြစ် စိုက်ပျိုးကြပြီး ယခုအခါ ပဲတီစိမ်းကဲ့သို့ နေကြာမှာလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

## ဝက်လက်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုသင်တန်း ဖွင့်လှစ်

**ဝက်လက်၊ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက အဆိုပါဦးစီးဌာနရုံး အမှတ် ၆၁ စက်မှုလယ်ယာစခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများနှင့် လယ်ယာသုံးစက်ကိရိယာ စိတ်ဝင်စားသူများကို လယ်ယာကုန်ထုတ်လုပ်ငန်းတွင် အသုံးပြုသည့် ထွန်စက်ကြီး၊ လယ်ယာလက်တွန်းထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်၊ စပါးအခြောက်ခံစက်များကို အသုံးပြုရာတွင် ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်နိုင်စေရန်နှင့် ကောင်းမွန်စွာ ထိန်းသိမ်းတတ်စေရန်အတွက် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမင်းနိုင်က ယင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၀ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ယင်းသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူသင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**နန်းမြင့်(ပြန်/ဆက်)**

## ရွှေဘိုခရိုင်၊ ခင်ဦးမြို့ပေါ်ရှိ ဆေးဆိုင် ခြောက်ဆိုင်အား ဆေးဝါးမှတ်ပုံတင်ခြင်း မရှိသော ဆေးဝါးများနှင့် ဆေးဝါးအတုများ ရောင်းချခြင်းရှိ-မရှိ စစ်ဆေး

**ခင်ဦး၊ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့ပေါ်ရှိ ဆေးဆိုင် ခြောက်ဆိုင်အား နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါး ၁၇ မျိုးနှင့် ဆေးဝါးအတုတစ်မျိုးတို့ကို ဈေးကွက်အတွင်း ရောင်းဝယ်ခြင်းရှိ-မရှိတို့ကို မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီတို့က စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ရွှေဘိုခရိုင်၊ ခင်ဦးမြို့ပေါ်အတွင်းရှိဆေးဆိုင်ခြောက်ဆိုင်အား မြို့နယ်ဆရာဝန်ကြီး ဦးကျော်နိုင်က မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများနှင့်ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများ မရောင်းချကြရန် ကွင်းဆင်းပညာပေးပြောကြားခဲ့ ကြောင်းသိရသည်။

**ခင်ဦးစိုးဝေ**

**SUPER RICH MAN**
SWIMMING POOL & CONSTRUCTION COMPANY

- ရေကူးတည်ဆောက်ရာတွင် ကန်ကျိုးခြင်း၊ ရေယိုစိမ့်ခြင်း၊ ရေသန့်စင်မှု မမှန်ကန်ခြင်း(PHမမှန်ခြင်း) တို့ကို လုံးဝမဖြစ်ပေါ်စေရေးအတွက် တာဝန်ယူဆောက်လုပ်ပေးပါသည်။ ရေကူးကန်ခိုင်ခန့်မှုကို နှစ်(၅၀) အာမခံ၍ တည်ဆောက်ပေးနေပါသည်။
- ချမ်းသာကြွယ်ဝပြီး ဇိမ်ရှိရှိ နေထိုင်တတ်သူများအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသဖြင့် အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါသည်။ မြန်မာနိုင်ငံအတွင်းဒေသမရွေး တည်ဆောက်တပ်ဆင် ပေးပါသည်။
- ရေကူးကန်တွင်အသုံးပြုသော **Pump၊ Filter၊ Salt Chlorinator၊ Air Blower၊ Cleaning Kit၊ Gutter Grating၊ Under Water Light၊ Steel Ladder၊ Skimmer Box၊ Main Drain** အစရှိသော ရေကူးကန်သုံးပစ္စည်းများကို အရောင်းပြခန်းတွင် လာရောက် လေ့လာဝယ်ယူ နိုင်ပါသည်။




**Showroom** အမှတ်(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ။
ဖုန်း-၀၁-၄၀၁၅၁၈၊ ၀၁-၈၆၀၄၀၆၄၊ ၀၉-၇၃၁၅၇၁၀၄၊ ၀၉-၄၂၂၂၀၅၅၀၂၊ ၀၉-၇၃၂၁၀၄၉၃၊ ၀၉-၅၃၇၂၃၇၀။

**အမြန်ရောင်းမည်**

၁။ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ ကီလိုရိပ်သာကွန်ဒို C2 (၂၄၈၀) စတုရန်းပေ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ဓါတ်လှေကား (၂)စင်း၊ ကားပါကင် (၁)ခုပါ။ **သိန်း ၆၅၀၀ (ညှိနှိုင်း)**

၂။ မြောက်ဒဂုံမြို့နယ်၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊ ထောင့်ကွက်၊ ပေ (၄၅ × ၆၀)၊ ရေမီးစုံ၊ နှစ်ထပ်အုတ်ညှပ်၊ ဂရန်။ **သိန်း ၃၆၀၀ (ညှိနှိုင်း)**

၃။ မြောက်ဒဂုံမြို့နယ်၊ ဘုရင့်နောင်လမ်း၊ (၃၉)ရပ်ကွက်၊ ပေ (၄၀ × ၆၀)၊ ရေမီးစုံ၊ နှစ်ထပ်ပျဉ်ထောင်၊ ဂရန်။ **သိန်း ၃၅၀၀ (ညှိနှိုင်း)**

၄။ မြောက်ဒဂုံမြို့နယ်၊ ဘုရင့်နောင်လမ်းတည့်ပေါက်၊ (၄၃)ရပ်ကွက်၊ ဇွဲကပင်လမ်း၊ ပေ (၄၀ × ၆၀)၊ ရေမီးစုံ၊ နှစ်ထပ်အုတ်ညှပ်၊ ဂရန်။ **သိန်း ၁၅၀၀ (ညှိနှိုင်း)**

၅။ မြောက်ဒဂုံမြို့နယ်၊ ဘုရင့်နောင်လမ်းတည့်ပေါက်၊ (၄၃)ရပ်ကွက်၊ ပေ (၄၀ × ၆၀)၊ မြေသီးသန့်၊ ခြံခတ်ပြီး၊ ဂရန်။ **သိန်း ၁၅၀၀ (ညှိနှိုင်း)**

၆။ အမြန်ငှားမည်၊ (၅၁)ရပ်ကွက်၊ ဂုတ်ခြံ၊ ပြည်ထောင်စုလမ်းမကြီးနှင့် ငမိုးရိပ်ချောင်းဘေး၊ သဲ၊ ကျောက်၊ ကွန်ကရစ်ဖျော်စက်လုပ်ငန်း အလွန်ကောင်းသည်။ မြေ (၁.၅)ဧက ၈ သိန်း (တစ်လ)

ဆက်သွယ်ရန်-
"သံလွင်မေတ္တာ" အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
၄၃/၉၃၆၊ ဘုရင့်နောင်လမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၀၁၁၂၈၅၊ ၀၁-၈၀၁၁၂၈၆၊ ၀၉-၃၁၄၂၅၈၈၈၊
၀၉-၄၀၃၇၀၂၆၆၆၊ ၀၉-၄၀၃၇၀၃၈၈၈

# ကလေးမြို့၏ ထူးဆန်းအံ့သြဖွယ် ရေဆန်ကျွန်းမြတ်ဘုရား

**ကလေး၊ နိုဝင်ဘာ ၁၃**

ကလေးမြို့တွင် နေရဥ္စရာမြစ်အတွင်းမှ ထူးဆန်းအံ့သြရာ တွေ့ရှိရသော ရေဆန်ကျွန်းမြတ်ကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီတွင် မုဒြာလေးမျိုးဖြင့် မြတ်စွာဘုရား၏ ရုပ်တုတော် လေးဆူကို စတင်ထုလုပ်ပြီး ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့၏ အထက်အဆင့်ပတ်လည်တွင် ရုပ်ပွားတော်မြတ် ၁၀ ဆူ၊ ထိုအထက်အလယ်ဆင့်တွင် ရုပ်ပွားတော်မြတ် ၈ ဆူနှင့် အထက်ဆုံးအဆင့်တွင်ရုပ်ပွားတော်မြတ် ၆ ဆူတို့ကို ထုလုပ်ပူဇော်ထားကြောင်းသိရသည်။

ကလေးမြို့နယ်တွင် ရေဆန်ကျွန်းမြတ်ကျွန်းတုံးကြီးများကိုနေရဥ္စရာ မြစ်အတွင်းမှ ထူးဆန်းအံ့သြဖွယ်ကောင်းအောင် အချိန်ကာလကွာခြား၍ သုံးကြိမ်တိုင်တိုင် တွေ့ရှိခဲ့ရာ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် တတိယအကြိမ်မြောက် တွေ့ရှိသော ရေဆန်ကျွန်းတုံးကြီးကို ပထမနှင့် ဒုတိယအကြိမ်တွေ့ရှိရသော ကျွန်းတုံးကြီးများထက် အံ့သြဖွယ်ရာအဖြစ်များနှင့် ကြီးကျယ်မြင့်မြတ်စွာ အဆိုပါမြစ်အတွင်း၌ ထပ်မံတွေ့ရှိခဲ့သည်။

ယင်းရေဆန် ကျွန်းတုံးကြီးသည် အလျား ၁၆ ပေ၊ လုံးပတ် ၁၀ ပေ ရှိကာ ကုဗပေ ၁၀၁၆၇ ပေနှင့် အလေးချိန် ၂ ဒသမ ၀၃၃၄ တန်ရှိပြီး သက်တမ်း နှစ်ကွင်း ၂၀ ကွင်းခန့်ရှိနေသဖြင့် ကျွန်းမြတ်ကြီး၏ သက်တမ်းမှာသင်းသတ်သည့် နှစ်အပါအဝင် ၁၂၀ နှစ်ရှိသည်ဟု သစ်တောပညာရှင်များက ခန့်မှန်းထားသည်။

ယင်း နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်တို့၏ အထက်တွင် စေတီအထွတ်တင်၍ ထီးတော်ပူဇော်ထားပြီး ရေဆန်ကျွန်းမြတ်ရုပ်ပွားတော်၏ ဉာဏ်တော်မှာ ပလ္လင်မှ ထီးတော်အထိ ၁၉ ပေရှိကာ ၄၁ ရက်ကြာ ထုလုပ်ပြီးမှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက် တနင်္ဂနွေနေ့ မွန်းတည့် ၁၂ နာရီတွင်ပြီးစီးမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါ မဟာသာကပဋိမာရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်သည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး လမ်းမ ကလေး-တမူး-ကလေးဝလမ်းများဆုံရာ ကျီကုန်းကျေးရွာ တြိဂံလမ်းဆုံ၏ အနောက်ဘက်ဘေးရှိ ရှားပါးသော ရှေးဟောင်းထောင်ပြည့်စေတီနှစ်ဆူတည်ထားရာ ရာဇဂီရိကုန်းတော်ပေါ်ရှိ ဂန္ဓကုဋိတိုက်ကျောင်းတော်တွင် ကိန်းဝပ်စံပယ်တော်မူလျက် ရှိသည်။



ရာဇဂီရိကုန်းတော်ပေါ်တွင် ကိန်းဝပ်စံပယ်တော်မူသော ရေဆန်ကျွန်းမြတ်ရုပ်ပွားတော်အား ခရီးသွားဧည့်သည်များ၊ ပြည်သူများအတွက် ဘုရားဖူးမြော် ကြည်ညိုနိုင်သည့် သာသနာ့နယ်မြေဌာန တစ်ခုအဖြစ်သာမက လေ့လာစရာ မြန်မာမှု အနုပညာလက်ရာများ၊ ကြည်နူးစရာ ရှုခင်းများ၊ တောင်မှမြောက်သို့ စီးဆင်းသည့် မြစ်သာမြစ် အလှအပများကိုလည်း ကြည့်ရှုခံစားရင်းအပန်းဖြေနိုင်သော နေရာအဖြစ်လည်း ဂုဏ်ယူဖွယ် တည်ရှိနေပါသည်။

**ဂျူနိုင်း**

## ယောမြောင်းကြီးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်

**ကျောက်ထု နိုဝင်ဘာ ၁၃**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ၌ လယ်ယာမြေများသို့ စိုက်ပျိုးရေနှင့် အောင်ရေရရှိနိုင်ရေးအတွက် ဖောက်လုပ်ထားသည့် ယောမြောင်းကြီးတွင် ရေစီးရေလာကောင်းမွန်ရေး၊ မြောင်းသန့်ရှင်းရေးနှင့် ရေလွှဲ လက်တန်မြောင်းများပြုပြင်ခြင်း၊ မြောင်းပတ်ဝန်းကျင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းတို့ကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်များတွင် ကျောက်ထုမြို့ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ရပ်ကွက်နေပြည်သူ ၁၅၀ ကျော်တို့က စုပေါင်းဆောင်ရွက်ကြသည်။

ယောမြောင်းကြီးသည် ဆောမြို့နယ် တောင့်တက်ရွာအနီးတွင် စတင်ဖောက်လုပ်၍ ချေချောင်းမှရေကို သွယ်ယူကာ မြောင်းအရှည် ၁၀ မိုင်ခန့် အကျယ် ၁၀ ပေ ခန့်ရှိသည့် ရေသွယ်မြောင်းဖြစ်ပြီး ကျေးရွာ ၁၇ ရွာနေ ပြည်သူများအတွက် လယ်မြေဧက လေးထောင်ကျော်ကို စိုက်ပျိုးရေနှင့် အောင်ရေပေးသွင်းနိုင်လျက်ရှိသည်။

အဆိုပါယောမြောင်းကြီးကို ညောင်ရမ်းခေတ် ပြည်မင်းလက်ထက် ယောမြို့စား ဇော်ဘွားမင်းကျော်သူက ဦးဆောင်လျက် ကောဇာသက္ကရာဇ် ၁၀၃၂ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ဒေသနေပြည်သူများက မိမိရပ်ရွာဒေသ အလိုက် မြောင်းကြီးရေရှည်တည်တံ့ရေးနှစ်ပြုပြင်ထိန်းသိမ်းလျက်ရှိသဖြင့် သမိုင်းဝင် ယောမြောင်းကြီးသည် ယောဒေသ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ယနေ့တိုင်အကျိုးပြုလျက်ရှိနေကြောင်း သိရသည်။ **(၄၆၅)**

## ပျော်ဘွယ်မြို့တွင်လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်လှစ်

**ပျော်ဘွယ်၊ နိုဝင်ဘာ ၁၃**

တောင်သူပညာပေး လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၄) ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ချောင်းမကြီးအုပ်စု၊ ထန်းတပင်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရမည်းသင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးအောင်ကျော်သန်း၊ ပျော်ဘွယ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဝင်းရွှေနှင့် စက်မှုလယ်ယာဦးစီးဌာနဝန်ထမ်းများမှ လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှု အိုပုံစံ၊ တီပုံစံ၊ ထွန်၊ ထယ်ကိရိယာဖြုတ်ခြင်း၊ တပ်ခြင်း၊ လယ်ယာသုံးကိုင်းရှည် လက်တွန်းထွန်စက်မောင်းနှင်ခြင်း အစရှိသည်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

ထန်းတပင်ကျေးရွာ၊ ချောင်းမကြီးကျေးရွာ၊ ရွာသာကျေးရွာ၊ သစ်ဆိမ့်ပင်ကျေးရွာ၊ ရွာတန်းကျေးရွာနှင့် ကုန်းသာကျေးရွာများမှ တောင်သူသင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

ပျော်ဘွယ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ အခြားကျေးရွာ၊ ရပ်ကျေး၊ အုပ်စုများတွင်လည်း ယခုကဲ့သို့ သင်တန်းများ ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## မိုက်ခရိုဘဏ္ဍာရေးမှ

အစ... စာမျက်နှာ ၁၈ မှ

မောင်မြင့်မြတ်။ ။ မှန်တာပေါ့ ကိုမြင့်သူ။ ဒါကြောင့် အစိုးရက မိုက်ခရိုဘဏ္ဍာရေးလုပ်ငန်း ဆောင်ရွက်နိုင်ဖို့ အခွင့်သာတဲ့ ဥပဒေ၊ စည်းမျဉ်းတွေ ချမှတ်ပေးထားသလို အသေးစားငွေကြေးဝန်ဆောင်မှု ပေးသူတွေကိုလည်း စနစ်တကျ စောင့်ကြည့်လေ့လာနေသလို အသင်းသားတွေ ကြွေးနွံမနစ်စေရေး အပါအဝင် အသင်းဝင်ကာကွယ်ရေး ဥပဒေတွေနဲ့လည်း ကျင့်သုံးဖို့ အားပေးကူညီထိန်းကျောင်းဆောင်ရွက်နေတယ်လို့ သိရတယ်ဗျ။

ကိုမြင့်သူ။ ။ အသေးစားချေးငွေလုပ်ငန်းကြောင့် ဝင်ငွေနည်းပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝ ဘယ်လောက်မြင့်တက်တယ်ဆိုတဲ့ ရလဒ်မျိုး ရှိသင့်တယ်လို့ မင်းမထင်ဘူးလား။

မောင်မြင့်မြတ်။ ။ အင်မတန်ကောင်းတဲ့ မေးခွန်းပါပဲ ကိုမြင့်သူ။ ဒီအတွက် အခြေခံစာရင်းတွေကောက်ပြီး နှစ်အလိုက် တိုးတက်မှုတွေ နှိုင်းယှဉ်ခြင်းဖြင့် ပွင့်လင်းမြင်သာတဲ့ အဖြေတစ်ခုထွက်အောင် ဆောင်ရွက်ရမှာပေါ့ဗျာ။ အခုထိတော့ အိမ်ထောင်စု ၉ သိန်းလောက်ကို ချေးငွေပမာဏ ကျပ်ဘီလျံ ၃၀၀ နီးပါးလောက် ထုတ်ချေးနိုင်ခဲ့ပြီး ရပ်ကွက် ၂၀၀၀၊ ကျေးရွာ ၆၀၀၀ လောက်ထိ ရောက်နေပြီလို့တော့ သိရတာပဲဗျ။

ကိုမြင့်သူ။ ။ အေး. . . အတိုင်းအတာတစ်ခုအထိတော့ ဆောင်ရွက်နိုင်ခဲ့ပြီလို့ ပြောရမှာပေါ့။ ဒို့လိုဖွံ့ဖြိုးဆဲနိုင်ငံတွေ မပြောနဲ့၊ ဘရူနိုင်းလို၊ အမေရိကန်လို၊ မက္ကဆီကိုတို့လို၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်၊ အိန္ဒိယစတဲ့နိုင်ငံတွေကတောင် မိုက်ခရိုဘဏ္ဍာရေးလုပ်ငန်းကို အလေးအနက်ထားဆောင်ရွက်နေတာကို လေ့လာမိသကွ။

မောင်မြင့်မြတ်။ ။ ဝင်ငွေနည်းပြည်သူတွေ ရှိနေသမျှ မိုက်ခရိုဘဏ္ဍာရေးလုပ်ငန်းရှိနေဦးမှာပါပဲ။ တစ်ခါတည်းဆောင်ရွက်ရုံနဲ့ ပြီးမသွားပဲ ရေရှည်ဆောင်ရွက်ရမဲ့ လုပ်ငန်းစဉ်ပါဗျာ။

ကိုမြင့်သူ။ ။ မိုက်ခရိုဘဏ္ဍာရေးလုပ်ငန်းကိုပဲ တစ်သက်လုံးအားကိုးနေလို့တော့ ရေရှည်စီးပွားရေးဖွံ့ဖြိုးနိုင်ပါ့မလား။

မောင်မြင့်မြတ်။ ။ ဝင်ငွေနည်းပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေးမြင့်မားစေပြီး လူမှုစီးပွားရေးဘဝ ထူထောင်ရမှာဆိုတော့ ဝင်ငွေနည်းမိသားစုရဲ့ ပညာရေး၊ ကျန်းမာရေး၊ မြှင့်တင်နိုင်ဖို့ အဓိကပါဘဲ။ ပညာမြင့်မှ လူမျိုးတင့်မယ် မဟုတ်လား ။

ကိုမြင့်သူ။ ။ ကောင်းပါပြီဗျာ။ ငယ်ငယ်တုန်းက မူလတန်းဖတ်စာထဲကလိုပေါ့။ ဇွန်ပန်းရုံအနီး လှည်းဘီးနွံထဲကျွံနေသည်။ ကူ၍တွန်းပေးကြပါ။ လေးလွန်း၍ မတွန်းနိုင်ဘူးလား။ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။ ဆိုသလိုပဲ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်ပေါ့ ဟုတ်စ။

မောင်မြင့်မြတ်။ ။ ဟုတ်ပဗျာ၊ နိုင်ငံတော်ကရော ပုဂ္ဂလိကလုပ်ငန်းရှင်များရော အသင်းဝင် ပြည်သူများကပါ သတိတမံ၊ ဉာဏ်မြေကတုတ်၊ ဝီရိယချွန်းကဲ့သို့ အုပ်ဆိုသလို သတိရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ် စေတနာတွန်းအားတွေနဲ့ ပြိုင်တူ တွန်းကြရင်ဖြင့်။

ဩစတြေးလျတက္ကသိုလ်ကြီးမှ ချီးမြှင့်သောစီးပွားရေး၊အိုင်တီနည်းပညာ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ ဘွဲ့ဒီဂရီများကို ရယူလိုသူများအတွက် ပညာရေးဆွေးနွေးပွဲ

- တက္ကသိုလ် ဝင်တန်း အောင်မြင်ပြီးသူများ၊ IGCSE / GCE'O' Level (သို့မဟုတ်)အပြည်ပြည်ဆိုင်ရာ ပုဂ္ဂလိကကျောင်းများမှ (၁၁) တန်း၊ (၁၂)တန်း ဖြေဆိုအောင်မြင်သူများအတွက် ဩစတြေးလျအစိုးရတက္ကသိုလ်ကြီးမှ ဘွဲ့ဒီဂရီများ၊ ဒီပလိုမာများကို စင်ကာပူတွင် ကုန်ကျစရိတ်သက်သာစွာဖြင့် တက်ရောက်နိုင်မည့် ပညာရေးအခွင့်အလမ်းများ
- စီးပွားရေး၊ အိုင်တီနည်းပညာ၊ ဟိုတယ်နှင့်ခရီးသွား၊ ပညာရေး၊ စာရင်းကိုင်၊ စိတ်ပညာ ဘာသာရပ်များ၏ နိုင်ငံတကာ အလုပ်အကိုင်အခွင့်အလမ်းများ
- စီးပွားရေးနှင့်နည်းပညာဘွဲ့ဆိုင်ရာဘွဲ့လွန်ဒီဂရီများကို တက်ရောက်ပါက ဩစတြေးလျ + စင်ကာပူ နှစ်နိုင်ငံ ပေါင်းကူး တက်ရောက်သင်ယူနိုင်မည့် အခွင့်အလမ်းများ
- နိုင်ငံတကာအသိအမှတ်ပြု ABE / HND / LCCI 3 / IDCS စသည့်စာမေးပွဲ အောင်မြင်ပြီးသူများအတွက် ဘာသာရပ်ဆိုင်ရာ ကင်းလွတ်ခွင့်များ
- နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့ဒီဂရီများနှင့် ဘွဲ့လွန်ဒီဂရီများအတွက် ကျောင်းဝင်ခွင့်ဆိုင်ရာ လိုအပ်ချက်များနှင့် ပညာရေးလမ်းကြောင်းများ ကို ရှင်းလင်း ဆွေးနွေးပေးမည်

Bachelor & Master Programs
- Business
- Information Technology
- Hospitality & Tourism
- Environmental Science
- Accounting
- Psychology
- Education

ရန်ကုန် ပညာရေးဆွေးနွေးပွဲ
၁၅.၁၁.၂၀၁၄ (စနေနေ့)
မွန်းလွဲ (၁)နာရီမှ (၃)နာရီ
ပဒ္မာမြားခန်းမ (၃)၊ Park Royal Hotel

မန္တလေး ပညာရေးဆွေးနွေးပွဲ
၁၇.၁၁.၂၀၁၄ (တနင်္လာနေ့)
မွန်းလွဲ (၂) နာရီမှ (၄) နာရီ
စံပယ်ဖြူခန်းမ၊ ဟိုတယ်မန္တလေး

AT&S
/eduGlobalVillage
အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
၅၂၁၁၂၅၊ ၂၅၁၃၃၂၊ ၀၉ - ၅၀၆၂၁၇၁၊ ၀၉ - ၅၀၆၂၁၆၁

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ငွေငွေ(B.Com.AA)**

**အသက်(၇၁)နှစ်**

**ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး**

**CB BANK(PLC)**

**(မိတ္ထီလာမြို့တပ်မတော်ကလေးများ အထက်တန်းကျောင်းသူဟောင်း)**

မိတ္ထီလာမြို့နေ (ဦးဘိုးလွင်-ဒေါ်ကြည်)တို့၏သမီး၊ (ဗိုလ်မှူးကြီး သရေစည်သူဘသန်း ဓမ္မိက-ဒေါ်အေး)တို့၏သမီးချွေးမ၊ ဦးကြည်မောင်ဝင်း (မီးရထား)၏ဇနီး ဒေါ်ခင်ငွေငွေ(ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး)သည် ၈-၁၁-၂၀၁၄ ရက်(စနေနေ့) ညနေ ၃း၁၅ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ကေတုမတီကုမ္ပဏီလီမိတက်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမောင်ဒီ (၈၂)နှစ်**

**ပါမောက္ခချုပ်(ငြိမ်း) ရန်ကုန်တက္ကသိုလ်**

**ဒုတိယဝန်ကြီး(ငြိမ်း) ပညာရေးဝန်ကြီးဌာန**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကောင်းထက်၏ဖခင် ဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအထွေထွေမန်နေဂျာနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်ဉ အသက်(၇၈)နှစ်**

**ဇရပ်ကြီး ထန်းတပင်မြို့နယ်**

သူငယ်ချင်း ဦးခွန်မြင့်နိုင်(OTS.64)၏မိခင် ဒေါ်တင်ဉသည် ၈-၁၁-၂၀၁၄(စနေနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အပတ်စဉ်(၆၄)မှ သူငယ်ချင်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြိုင်သန့်**

**ပါမောက္ခ(ငြိမ်း) မြန်မာစာဌာန၊ စစ်တက္ကသိုလ်**

**အသက်(၈၃)နှစ်**

ဆရာကြီးဦးမြိုင်သန့် ၇-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်(၁၈)မှ တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းတင်**

**အသက်(၈၉)နှစ်**

ဒေါက်တာဒေါ်ခင်သန်းနွဲ့(ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းတင်သည် ၁၁-၁၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၅နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၀-၈၅ ဆေးတက္ကသိုလ် မန္တလေးမှအတန်းဖော်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးစံဝင်း(ငြိမ်း) (၈၂)နှစ်**

**ဗသက(၂၁)၊ ကြည်း-၇၉၃၉**

**ရှမ်းပြည်နယ် ပြည်သူ့ကောင်စီ(အတွင်းရေးမှူး)ငြိမ်း**

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့နေ ဗိုလ်မှူးစံဝင်း(ငြိမ်း)သည် ၆-၁၁-၂၀၁၄ ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**ဗသက(၂၁)ညီနောင်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမောင်ဒီ**

**အသက်(၈၂)နှစ်**

"သက်သာလားလို့မေးရအောင် ငါကဘာဖြစ်နေလို့လဲ"လို့ ဆေးရုံမှာပြောခဲ့တဲ့ ဆရာကြီး "ငါပြောထားတဲ့သီချင်းတွေ ရှာထားဦး"လို့ ပြောခဲ့တဲ့ဆရာကြီး တပည့်တို့ အာစရိယပူဇော်ပွဲမှာ ဆရာကြီး မရှိတော့ဘူးပေါ့နော်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**တပည့်-ဝါဝါစိုး**

## ဝမ်းနည်းကြေကွဲခြင်း

**ဆရာဦးအောင်သန်း(ကလန့်ဘဲ)**

**အသက်(၈၄)နှစ်**

ကင်းတိုက်နယ်လုံးဆိုင်ရာ တွဲအလက(မူရှင်း)ကျောင်းသား/သူဟောင်းများ၏ အာစရိယမြတ်ဆရာဖြစ်သော ဆရာဦးအောင်သန်းသည် ၁၀-၁၁-၁၄ ရက် ညနေ ၃း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်းနှင့် ဆရာကြီး ကောင်းရာသုဂတိရောက်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**မသက်စုစုဝင်း**

**အသက်(၃၄)နှစ်**

လုပ်ဖော်ကိုင်ဖက်လည်းဖြစ် ညီအစ်ကိုမောင်နှမလိုပါ ချစ်ခင်ရပါသော ချစ်သူငယ်ချင်း မထင်မှတ်ဘဲ တို့တစ်တွေအားလုံးရဲ့ ဘဝထဲက ရုတ်တရက် ခွဲခွာသွားတာ မယုံကြည်နိုင်လောက်အောင် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ချစ်သူငယ်ချင်း ကောင်းရာဘုံဘဝမှ ခံစားစံစားနိုင်ပါစေလို့ တို့တွေအားလုံး ဆုတောင်းပါတယ်။

**NFC Co.,Ltd.**
**YGN -Wholesale မှ သူငယ်ချင်းများ**
**MDY-Wholesale မှသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သက်နိုင် (၅၂)နှစ်**

**(မြောင်းမြ)**

United Can Factory Co.,Ltd ၏ အလုပ်အမှုဆောင်ဒါရိုက်တာ ဒေါ်ခင်အေးအေးနိုင်၏မောင်ဖြစ်သူ ဦးအောင်သက်နိုင် အသက်(၅၂)နှစ်သည် ၁၀-၁၁- ၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ(ရုံးချုပ်/စက်ရုံ)**
**United Can Factory Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သက်နိုင် (၅၂)နှစ်**

**(မြောင်းမြ)**

United Can Factory Co., Ltd. ၏ အလုပ်အမှုဆောင်ဒါရိုက်တာ ဒေါ်ခင်အေးအေးနိုင်၏မောင်ဖြစ်သူ ဦးအောင်သက်နိုင် အသက်(၅၂)နှစ်သည် ၁၀-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors**
**United Can Factory Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမောင်ဒီ (၈၂)နှစ်**

**ပါမောက္ခချုပ်(ငြိမ်း) ရန်ကုန်တက္ကသိုလ်**

**ဒုတိယဝန်ကြီး(ငြိမ်း) ပညာရေးဝန်ကြီးဌာန**

ဆရာမဒေါ်စောနွယ်ဦး၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်ကောလိပ် ၁၉၇၄-၁၉၇၈**
**ဓာတုဗေဒအဓိက ကျောင်းသူ၊ ကျောင်းသားဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမောင်ဒီ (၈၂)နှစ်**

**ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊ ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန**

ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1973-1977 ဓာတုဗေဒတပည့်များ**
**မော်လမြိုင်ကောလိပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ငွေငွေ(B.Com.AA)**

**အသက်(၇၁)နှစ်**

**ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး၊ CB Bank ရုံးချုပ်**

သမဝါယမဘဏ်လီမိတက်(ရုံးချုပ်)မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်ငွေငွေ အသက်(၇၁)နှစ်သည် ၈-၁၁-၂၀၁၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရားဒါယကာကြီး ဦးဘဖြူ**

**အသက်(၉၀)**

**ရန်အောင်မြင်ရပ်ကွက်၊ မာန်အောင်မြို့နယ်**

မာန်အောင်အများပိုင်ကုမ္ပဏီ ဒါရိုက်တာ ဦးခင်မောင်ဇော်၏ မွေးသဖခင် ဘုရားဒါယကာကြီး ဦးဘဖြူသည် ၁၀-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မာန်အောင်အများပိုင်ကုမ္ပဏီ**
**ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမောင်ဒီ (၈၂)နှစ်**

**ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်**

**ဒုတိယဝန်ကြီး(ငြိမ်း) ပညာရေးဝန်ကြီးဌာန**

ချင်းတွင်းအသင်း(ရန်ကုန်)၏ အသင်းဝင် ဒေါ်စောနွယ်ဦး၏ခင်ပွန်း ဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ရက် နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူတပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ ချင်းတွင်းအသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းမြင့်(ခ)ဒေါ်မြင့်မြင့်(မိုးကောင်းမြို့)**

**အသက် (၆၉)နှစ်**

ဒေါ်သန်းမြင့်(ခ)ဒေါ်မြင့်မြင့် အသက် (၆၉)နှစ်သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာခရီးစဉ်အတွင်း ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးပိတ်ဆုံး-ဒေါ်သန်းတင်**
**မောင်နှမတစ်စုနှင့် တူ၊ တူမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်တင်ထွေး (၅၉)နှစ်**

**အထက်တန်းပြ၊ အထက(၁) တာမွေ**

လူ့ဘဝသက်တမ်းသည် တို၏။ ထို့ထက် ကျန်ရှိနေသော လူ့ဘဝ သက်တမ်းသည် ပို၍ပို၍ တိုတောင်းလှချေ၏။ ကျန်ရှိနေတဲ့ သက်တမ်းမှာ ငါတို့တစ်တွေ ပျော်ရွှင်ရယ်မောစွာ ဘဝကို အဆုံးသတ် ကုန်ဆုံးသွားမယ်လို့ မျှော်လင့်ထားခဲ့ကြပေမယ့် မထင်မှတ်ဘဲ ငယ်သူငယ်ချင်းတွေအားလုံးကို နှုတ်မဆက်ဘဲ ရုတ်တရက် ခွဲခွာသွားတဲ့ "မဂျမ်းပုံ"လို့ လူသိများတဲ့ "ဆရာမတင်တင်ထွေး"တစ်ယောက် ကောင်းရာသုဂတိလားပါစေ. . .။

**ဦးမောင်မောင်တီ(သချင်္ာ)နှင့် ငယ်သူငယ်ချင်းတစ်စု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးစန်းဝင်း(ငြိမ်း)**

**ကြည်း-၁၆၇၁၅၊ DSA အမှတ်စဉ်(၂၃)**

**ဒုတိယအထွေထွေမန်နေဂျာ၊ စက်ရုံများဌာန**

**မြန်မာစီးပွားရေးကော်ပိုရေးရှင်း**

**အသက်(၅၆)နှစ်**

ဗိုလ်မှူးစန်းဝင်း(ငြိမ်း)သည် ၁၁-၁၁-၂၀၁၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ တပည့်များ**

## အနှူးအညွှတ်တောင်းပန်ခြင်း

၆-၁၁-၂၀၁၄ ရက် ည ၉ နာရီတွင် ဆေးရုံတက်ရောက်ပြီး ၇-၁၁-၂၀၁၄ (သောကြာနေ့) နံနက် ၁း၂၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားသော ဦးသာထွန်းအား ပြုစုကုသရာတွင် ဆေးရုံမှ လိုအပ်ချက်များကြောင့် ကျန်ရစ်သူမိသားစုများ၏ စိတ်မချမ်းမြေ့ခြင်းများစွာ ဖြစ်ပေါ်စေခြင်းအား ပင်လုံဆေးရုံ အုပ်ချုပ်ရေးအဖွဲ့မှ အထူး အနှူးအညွှတ်တောင်းပန်အပ်ပါသည်။ ဦးသာထွန်း ကွယ်လွန်ခြင်းအတွက် ပင်လုံဆေးရုံမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းရပါသည်။

**ပင်လုံဆေးရုံအုပ်ချုပ်ရေးအဖွဲ့**

**မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)**

**ဦးဘဖြူ**

**အသက်(၉၀)**

မာန်အောင်မြို့၊ ရန်အောင်မြင်ရပ်ကွက်၊ ထောင်သားစုရပ်နေ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ အမှုဆောင် (မြို့နယ်တာဝန်ခံ) ဦးခင် မောင်ဇော်(ခ)ကိုဖြူလုံး၏ဖခင် ဦးဘဖြူ သည် ၁၀-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထောင်သားစုသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ရွှေဘိုမြို့နယ်အသင်း(ရန်ကုန်)**

**ဂုဏ်ထူးဆောင်နာယက**

**ဒေါက်တာမောင်ဒီ**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့ အမှတ် (၂၃)၊ သစ်ရာပင် လမ်းသွယ်(၂)၊ သုဝဏ္ဏနေ ဒေါ်စောနွယ်ဦး၏ခင်ပွန်း ဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ကျေးဇူးအထူးတင်ရှိခြင်း

ပြင်ဦးလွင်မြို့နေ (John Harry), Rose Marie တို့၏သား၊ ရန်ကုန်မြို့နေ Francis စောကျော်မြင့်(ကျန်းမာရေးမှူး-ငြိမ်း)-(ဒေါ်ခင်မြင့်)တို့၏သားသမက်၊ Francisca သီတာမြင့် (သဇင်ဆေးခန်း-အင်းစိန်၊ MSF-Holland)၏ ချစ်လှစွာသောခင်ပွန်း၊ Vincent စိုးမြင့် (UNDP-နေပြည်တော်)သည် ၁-၁၁-၂၀၁၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၁၁-၂၀၁၄ ရက်တွင် နေပြည်တော် ကွေ့ကြီးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့သော ပျဉ်းမနား St.Michael ဘုရားကျောင်းမှ FR.Gregory Htun Tin, Mother, Sister များ၊ ဓမ္မဆရာ၊ ဆရာမများ၊ ဘာသာတူမိသားစုဝင်များ၊ ဆရာဦးမောင်မောင်ကျော်၊ ဆရာဦးသင်းခိုင်နှင့်တကွ UNDP မှ လုပ်ဖော်ကိုင်ဖက်များ၊ Epiphany ဘုရားကျောင်းမှ ကျောင်းထိုင်ဘုန်းတော်ကြီး၊ FR. Marcian Thet Kyaw နှင့်တကွ FR.John Yawhan, FR.Tony, FR.Martin Zaw Zaw Naing နှင့် Sister များ၊ ဘာသာတူမိသားစုဝင်များ၊ ဒေါက်တာဒေါ်ခင်အေးမြင့်(UNFPA), MSF(Holland)မှ လုပ်ဖော်ကိုင်ဖက်များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ဇနီး-ဒေါ်သီတာမြင့်မိသားစု**

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် သမ္မတ အိုဘားမားအသိအမှတ်ပြု



**နေပြည်တော်  နိုဝင်ဘာ ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက် အိုဘားမားတို့သည် ယနေ့ည ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၏ အောင်မြင်မှုများ၊ စိန်ခေါ်မှုများ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို သတ်မှတ်ချိန်၌ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ငြိမ်းချမ်းရေးဆွေးနွေးမှု၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာရှဒေသအတွင်း ဓာတုလက်နက်အပါအဝင် ဖျက်အားပြင်းလက်နက် (WMD)များကင်းစင်ရေး၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်သားအဖြစ်စုဆောင်းနေမှုကို တားဆီးရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီး

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက် အိုဘားမားတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# အာရှ-ပစိဖိတ် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသဆိုင်ရာပေါင်းစည်းမှု ခိုင်မာစေရန် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး အလေးထားဆွေးနွေး



နေပြည်တော်  နိုဝင်ဘာ ၁၃

(၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန ပတ္တမြားခန်းမ၌ကျင်းပရာ (အပေါ်ပုံ) နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများ၊ အရှေ့အာရှထိပ်သီးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖




themirror.npt@gmail.com
www.facebook.com/themirrordaily

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်။

| | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | Seagate business Storage 8-Bay 32 TB Rackmount | 1 No |
| (၂) | Rack (Model-42 U) | 1 No |
| (၃) | Sony 70-400 mm F 4-5.6 G SSM II Telephoto Zoom Lens (SAL 70400 G 2) | 1 No |
| (၄) | Power Tree 6 KVA, Online UPS | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁၁-၂၀၁၄ရက်မှ ၁၂-၁၂-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁၂-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း သထုံ ဓာတ်အားပေးစက်ရုံရှိ Break Down Cable လဲလှယ်ခြင်းအတွက် လိုအပ်သော Termination Kit & Cable Lug (၆)စုံအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** ၁၃-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** ၂၇-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၈၂**

**ကျေးဇူး ဆပ်ပါမည်**
ကျွန်တော် ဦးမြင့်စိုး[၆/ထဝန(နိုင်)၀၆၁၅၁၁] ပိုင်ဆိုင်သော မြင့်မြတ်သိန်း (၁၁၇)၊ လှေဂရန်အမှတ် ON-6773(A)အမည်ပါ ကုန်တင်လှေဂရန်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၅၉၀၁၈၄**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရွာမ ဓာတ်အားပေးစက်ရုံရှိ အမှတ်(၂) ဓာတ်ငွေ့တာဘိုင်စက် ပြန်လည်ပြုပြင်ရေးအတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** ၁၄-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** ၅-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ အရာထမ်း/အမှုထမ်း(အမျိုးသား)များ တူညီဝတ်စုံ၊ လုံခြုံရေးဝတ်စုံ၊ ကြီးကြပ်/စက်မောင်း/လုပ်သားဝတ်စုံများကို ကျပ်ငွေဖြင့် ဝယ်ယူရန် ဖြစ်ပါသဖြင့် ဝတ်စုံတစ်မျိုးချင်းစီအလိုက် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၂၇-၁၁-၂၀၁၄ ရက် ၁၁း၀၀နာရီ နောက်ဆုံးတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ်၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၁၃-၁၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၈၆၁၀၂၂၉၊ ၀၁-၈၆၁၀၂၃၁ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇဝန)၊ မြေကွက်အမှတ်(၁၄၄)၊ မြေကွက်တည်နေရာအမှတ်(၉)၊ သီရိဝေဘာလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်း၊ (ဦးလှကြွေ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှကြွေထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဒေါ်အေးအေးမြ [၁၂/သဃက(နိုင်)၁၀၃၈၄၉]က စလစ်ပြားတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၁-၁၁-၂၀၁၄ ရက်မှ ၁၉-၁၁-၂၀၁၄ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး မန္တလေးပုံနှိပ်စက်ရုံ၊ နေပြည်တော်ပုံနှိပ်စက်ရုံတို့၏ တင်ဒါပိတ်ရက်မှာ ၁၇-၁၁-၂၀၁၄ရက် ၁၆း၀၀နာရီနှင့် ရန်ကုန်ပုံနှိပ်စက်ရုံတို့၏ တင်ဒါပိတ်ရက်မှာ ၁၉-၁၁-၂၀၁၄ရက် ၁၆း၀၀နာရီဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈၊ ၀၂-၆၂၉၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**

## အသိပေးကြေညာချက်

KOREA နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် MV.SEA HONOUR သင်္ဘောသည် ၁၃-၁၁-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

-၂၃၀၁၁၈၆

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | တင်ဒါပုံစံနှုန်း(ကျပ်) |
|---|---|---|---|
| ၁ | ၄၂၄/မမ/CE | **ကသာ-ဗန်မော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း** ပေါမမြိုင်ဘူတာနှင့်မင်းလယ်ဘူတာကြားချိန်းအမှတ်(၃၂၉+၀၀၀)ရှိ တံတားအမှတ် (၃၂) ၄/၁၈-ပေ Tunnel Shape Culvert တံတား ရေထွက်ဘက် Wing Wall (၂)ခု ပြုပြင်ခြင်း | ၂၀၀၀/- |
| | ၄၂၅/မမ/CE | ကျောက်ကြီး- မြို့ကုန်းဘူတာကြား၊မိုင် ၆၅၀/၁၂-၁၃ တွင် တံတား အမှတ် (၁၇၈-အေ) ၆-ပေ အမိုးပိတ်တံတား(၁) စင်း အသစ်တည်ဆောက်ခြင်း | ၂၀၀၀/- |
| ၂ | ၄၂၆/မမ/CE | **နေပြည်တော်ဘူတာတည်ဆောက်ရေးစီမံကိန်း** သန့်စင်ခန်းတည်ဆောက်ခြင်း ၊ လူ (၁၀၀) ဆန့် မိလ္လာကန် (၁) ခု တည်ဆောက်ခြင်း ရေကြည်စုပ်ရန် ၂-လက်မ PVC ပိုက်(၆၀၀) ပေ သွယ်တန်းခြင်း | ၂၀၀၀/- |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၂ .၁၂ . ၂၀၁၄ ( သောကြာနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၄. ၁၁ .၂၀၁၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန ၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူ လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း:294352,291994


## MJC

## မြန်မာ-ဂျပန်စင်တာ Business Management သင်တန်းများဖွင့်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MoC) ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) တို့၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် တည်ထောင်သည့် မြန်မာ-ဂျပန် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဗဟို ဌာန (MJC) တွင် "Business Management" သင်တန်းများကို နိုဝင်ဘာလ နှင့် ဒီဇင်ဘာလများ အတွင်း၌အောက်ပါအစီအစဉ်အတိုင်းကျင်းပမည် ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူစကားပြန်များကိုလည်းစီစဉ်ထားပါသည်။

Business Management Courses (Nov-Dec 2014) ( 30 hours Courses)

| Subject | Time | Training Period | Language |
|---|---|---|---|
| 1. Marketing for Service Business | 9:00-16:00 | Sat-Sun(29,30 Nov-6,14,20 Dec) | English/Myanmar |
| 2. Marketing for Service Business | 7:30-10:30 | Mon, Tue, Wed (1-22 Dec) | English/Myanmar |
| 3. Marketing for Service Business | 15:00-18:00 | Mon, Tue, Wed (1-22 Dec) | English/Myanmar |

သင်တန်းကြေး - ၄၀၀၀၀ ကျပ်

Special Courses (Nov-Dec 2014) ( 30 hours Courses)

| Subject | Time | Training Period | Language |
|---|---|---|---|
| 1. Case Method | 13:00-18:00 | Sat-Sun(23,29,30Nov-6,7 Dec) | English/Myanmar |

သင်တန်းကြေး - ၅၀၀၀၀ ကျပ်

သင်တန်းသားများစတင်လက်ခံနေပြီဖြစ်ပြီးသင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့်ဦးရာလူစနစ်ဖြင့်စာရင်းပေးသွင်းနိုင်ပါသည်။

နေရာ - MJC သင်တန်းခန်းမ၊ ၁၂ ထပ်၊UMFCCI Office Tower
အမှတ် (၂၉) ၊ မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

**လုပ်ငန်းရှင်များအတွက်အထူးအစီအစဉ်-**

MJC Experts များမှ လုပ်ငန်းတစ်ခုချင်းစီအလိုက် စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော Tailor Made Program များကိုလည်း Door to Door System ဖြင့် ဆောင်ရွက်ပေးနေပါသည်။

အသေးစိတ်သိလိုပါက-

**မြန်မာ-ဂျပန်စင်တာ**

ဖုံး - ၀၁- ၂၃၀ ၁၆၆၂၊ ၀၉-၂၅၀ ၁၈၅ ၄၅၅ ၊ ဖက်စ် - ၀၁ ၂၃၀ ၁၆၆၃

Email Address: mjc.businesscourse@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။


## ဒေါ်ကျော့ကေခိုင် [၈/မကန(နိုင်)၀၂၂၆၄၈]နှင့် အများသိစေရန်

ဒေါ်ကျော့ကေခိုင်(ဘ)ဦးကျော်ဝင်း [၈/မကန(နိုင်) ၀၂၂၆၄၈] သည် ရန်ကုန်မြို့ရှိ ဥက္ကာသီရိကုမ္ပဏီကိုယ်စား နေပြည်တော်မှ ထုတ်ယူသွားသော ငွေကြေးများကို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ဥက္ကာသီရိကုမ္ပဏီသို့ လာရောက်အပ်နှံပေးပါရန် အသိပေးအပ်ပါသည်။

အကယ်၍ ဒေါ်ကျော့ကေခိုင်ဘက်မှ အထက်ပါ သတ်မှတ်ရက်အတွင်း လာရောက်ဖြေရှင်းအပ်နှံခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ကျော့ကေခိုင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အထွေထွေမန်နေဂျာ**
**ဥက္ကာသီရိ ကုမ္ပဏီ**

